ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

သတ္တမနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၉.၅၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး သတ္တမမြောက်နေ့ ၃-၈-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ အစည်းအဝေးတက်ရောက်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်လှဋ္ဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေးတို့နှင့် ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဝန်ကြီးဌာနနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၇)ရှိပြီး၊ ယနေ့ခွင့်ပန်ကြားသူ(၁၆)ဦးဖြစ်တဲ့အတွက် စုစုပေါင်းခွင့်ပန်ကြားသူ(၂၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၇)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်ကခွင့်ပန်ကြားဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရေးဆွဲထားသော ဖြေလျှော့မှုများကို သိရှိလိုခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ခွင့်အတွက် ဖြေလျှော့မှုများ ရှိခဲ့ပါက ကိုးကန့်တိုင်းရင်းသားများအတွက် မည်သို့ဆောင်ရွက် ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နိုင် က အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရေးဆွဲထားသော ဖြေလျှော့မှုများကို သိရှိလိုခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ခွင့်

အတွက် ဖြေလျှော့မှုများရှိပါက ကိုးကန့်တိုင်းရင်းသားများအတွက် မည်သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ အစိုးရသစ်၏ ရက်ပေါင်း(၁၀၀)စီမံချက်အပေါ် ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဤမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ကိုးကန့်ဒေသသည် ဗကပ လက်အောက်၌ နှစ်ပေါင်း(၃၀) ကျော်နေထိုင်ခဲ့ရပြီး နိုင်ငံတော်နဲ့ကင်းကွာခဲ့ရတဲ့ဒေသ ဖြစ်ပါတယ်။ ၁၉၈၉ ခုနှစ်မှ စတင်၍ ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များမှ နိုင်ငံတော်နဲ့ ငြိမ်းချမ်းရေးရယူခဲ့သဖြင့် ၁၉၉၃ ခုနှစ် အိမ်ထောင်စုစာရင်းများ၊ ၂၀၀၇ ခုနှစ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အမျိုးသားမှတ်ပုံတင်ကတ်ပြားများနှင့် White Card များ စတင်ပြုလုပ်ပေးနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလက်ရှိအနေအထားတွင် White Card များကို နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားအဖြစ် လဲလှယ်ပေးရာတွင်လည်းကောင်း၊ အမျိုးသားမှတ်ပုံတင်များကို နိုင်ငံသားစိစစ်ရေးကတ်ပြားအဖြစ် လဲလှယ်ဆောင်ရွက်ပေးရာတွင်လည်းကောင်း၊ အောက်ခြေအဆင့်ဆင့်တွင် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့နေရဆဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဤကဲ့သို့ White Card များမှ နိုင်ငံသားစိစစ်ခံရမည့်သူများ၏ သက်သေခံကတ်ပြားများနှင့် အမျိုးသားမှတ်ပုံတင်ကတ်ပြားများကို တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲခြင်းသည် ကျွန်တော်တို့ ကိုးကန့်တိုင်းရင်းသားများအနေနဲ့ အခက်အခဲများစွာ ရှိနေပါတယ်။ ကျွန်တော်တို့ ကိုးကန့်တိုင်းရင်းသားများသည် တိုင်းရင်းသားများဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) နှင့်အညီ တိုင်းရင်းသားတန်းတူအခွင့်အရေးများ ပေးသင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းလိုသည်မှာ မေးခွန်း(၁) အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရေးဆွဲထားသော ဖြေလျှော့မှုများကို သိလိုပါတယ်။ မေးခွန်း(၂) နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ခွင့်အတွက် ဖြေလျှော့မှုများရှိပါက ကိုးကန့်တိုင်းရင်းသားများအတွက် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**တိုင်းရင်းသားလူမျိုးများ လူနည်းစု၊ လူမျိုးစုငယ်များ အသီးသီး၏ အမည်များရှေ့တွင် (မောင်၊ မ၊ ကို၊ ဦး၊ ဒေါ်) ထည့်သွင်းခေါ်ဝေါ်နေခြင်းသည် သက်ဆိုင်ရာဝန်ကြီးဌာန/ ဦးစီးဌာနတွင် ဥပဒေ/အမိန့်/ ညွှန်ကြားချက်များ ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယှားဖောင်အွာက တိုင်းရင်းသားလူမျိုးများ လူနည်းစု၊ လူမျိုးစုငယ်များ အသီးသီး၏ အမည်များရှေ့တွင် (မောင်၊ မ၊ ကို၊ ဦး၊ ဒေါ်) ထည့်သွင်းခေါ်ဝေါ်နေခြင်းသည် သက်ဆိုင်ရာဝန်ကြီးဌာန/ ဦးစီးဌာနတွင် ဥပဒေ/အမိန့်/ ညွှန်ကြားချက်များ ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ရွှင်လန်း ကျန်းမာကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စောယှားဖောင်အွာ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ တိုင်းရင်းသားလူမျိုးများ လူနည်းစု၊ လူမျိုးစုငယ်များ အသီးသီး၏ အမည်များရှေ့တွင် (မောင်၊ မ၊ ကို၊ ဦး၊ ဒေါ်) ထည့်သွင်းခေါ်ဝေါ်နေခြင်းသည် သက်ဆိုင်ရာဝန်ကြီးဌာန/ ဦးစီးဌာနတွင် ဥပဒေ/အမိန့်/ ညွှန်ကြားချက်များ ရှိ/မရှိ နှင့်ပတ်သက်၍ သိရှိလိုခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်မလုံလောက်ခဲ့ပါက အချိန်အနည်းငယ် တိုးမြှင့်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

ဦးစွာ မေးခွန်းများမမေးမြန်းမီ မေးခွန်းမေးရခြင်း၏ရည်ရွယ်ချက်ကို တင်ပြသွားပါမယ်။ ရည်ရွယ်ချက်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၊ လူမျိုးစုငယ်များ၏ အမျိုးသားအမှတ်လက္ခဏာများ ကာကွယ်ထိန်းသိမ်းရန် ရည်ရွယ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသောတိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသောနိုင်ငံ ဖြစ်ပါတယ်။ ထို့ပြင် ၁၉၈၃ ခုနှစ်၊ သန်းခေါင်စာရင်းအရ လူမျိုးစုပေါင်း(၁၃၅) မျိုး နေထိုင်ကြကြောင်းလည်း သိရှိရပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်သော တိုင်းရင်းသားများ၏အမည်များရှေ့တွင် အမျိုးသားအမှတ်လက္ခဏာများ ပါဝင်ပါတယ်။ ဥပမာ ကချင် တိုင်းရင်းသားဆိုရင် (စလန်၊ ဂျန်)။ ကယား ဆိုရင် (ခူ၊ မု)။ ကရင် ဆိုရင် (စော၊ မန်း၊ နော်၊ နန်း၊ နန့်) စသဖြင့်၊ ချင်း ဆိုရင် (ဆလိုင်း၊ ပူ၊ ပီ)။ မွန် ဆိုရင် (မင်း) တို့ (နိုင်) တို့ (မိ) တို့ သုံးလေ့ရှိပါတယ်။ ရှမ်း ဆိုရင် (စိုင်း၊ စ၊ နန်း)။ ဗမာ ဆိုရင် (မောင်၊ ဦး၊ မ၊ ဒေါ်)။ ရခိုင် ဆိုရင် (ဦး၊ ဒေါ်၊ မောင်၊ မ) စသော အမည်များ ထည့်သွင်းခေါ်ဝေါ်ကြပါတယ်။

ထို့ပြင် တိုင်းရင်းသားမျိုးနွယ်စုများတွင်လည်း အမျိုးသားအမှတ်လက္ခဏာများ ပါဝင်သော ထည့်သွင်းမှည့်ခေါ်လေ့ရှိပါတယ်။ ထိုကဲ့သို့ အမျိုးသားအမှတ်လက္ခဏာများပါဝင်သော အမည်များရှေ့တွင် ဗမာလူမျိုးများ၏ (မောင်၊ မ၊ ကို၊ ဦး၊ ဒေါ်) အမည်များ ထပ်ဆင့်သောအမည်များ ပေါင်းစပ်

ထည့်သွင်းလာတာ တွေ့ရမှာဖြစ်ပါတယ်။ ဥပမာ ဦးစော၊ ဦးမန်း၊ ဦးမင်း၊ ဦးနိုင်၊ ဦးဆလိုင်း၊ ဦးပူ၊ ဦးစိုင်း၊ ဦးစ ၊ဒေါ်နန်း၊ ဒေါ်မိ၊ ဒေါ်ပီ၊ ဒေါ်နော်၊ လူငယ်ဆိုရင် မောင်စော၊ မောင်မန်း၊ မောင်မ၊ မောင်နိုင်၊ မောင်ဆလိုင်း၊ မောင်ပူ၊ မနန်း၊ မနော်၊ မမိ၊ မပီ၊ မနန့် စသည့်အမည်များကို အခြေခံပညာသင်ကျောင်းများနှင့် ဦးစီးဌာနများ၊ ဝန်ကြီးဌာနများတွင် ထည့်သွင်းလာပါတယ်။ ထိုသို့ ထည့်သွင်းခြင်းအားဖြင့် မည်သည့် တိုင်းရင်းသား၊ မည်သည့်လူမျိုးဖြစ်သည်ကို မသိရှိနိုင်တော့ခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားလက္ခဏာများ ပပျောက်လာခြင်း၊ အမည်၏မူလဆိုလိုရင်းမပေါ်လွင်တော့ခြင်းများ ဖြစ်လာပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ အမည်များရှေ့တွင် (မောင်၊ မ၊ ကို၊ ဦး၊ ဒေါ်) စသောအမည်များ ထည့်သွင်းရန် ညွှန်ကြားချက်၊ အမိန့်/ဥပဒေများ ရှိ/မရှိ။ (၂) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင်နေထိုင်သော တိုင်းရင်းသားလူမျိုးများ အမည်များရှေ့တွင် (မောင်၊ မ၊ ကို၊ ဦး၊ ဒေါ်) စသောအမည်များ မထည့်မနေ ထည့်သွင်းရန် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက် ရှိ/မရှိ နှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်သော တိုင်းရင်းသားမျိုးနွယ်စုဝင်အနေဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ရှင်းလင်းဖြေကြားပါမယ်။ ပြည်ထောင်စုအစိုးရသစ်ရဲ့ မူဝါဒလမ်းညွှန်ချက်နှင့်အညီ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနအနေနဲ့ ရက်ပေါင်း(၁၀၀)အတွင်းမှာဆောင်ရွက်ပေးရန် လုပ်ငန်းစီမံချက်(၃)ခု သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလုပ်ငန်းများကတော့ ရွှေ့ပြောင်းနေထိုင်သူများနဲ့ အလုပ်သမားများအား အိမ်ထောင်စုလူဦးရေစာရင်းနဲ့ ကိုင်ဆောင်သင့်တဲ့ မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးရေးဆောင်ရွက်ခြင်း။ (၂)ကတော့ အခြေခံပညာကျောင်းများမှာ အသက်(၁၀)နှစ်ပြည့် ကျောင်းသား/သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ကိုင်ဆောင်သင့်တဲ့ မှတ်ပုံတင်တစ်မျိုးမျိုးထုတ်ပေးရေး။ (၃)အနေနဲ့ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနဲ့အညီ

သက်ဆိုင်တဲ့ကတ်ပြားတစ်မျိုးမျိုး စိစစ်ထုတ်ပေးရေးလုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ရက်(၁၀၀)အတွင်းမှာ ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါ စီမံချက်လုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာ ဖြေလျှော့ပေးနိုင်တဲ့အချက်များကို ဦးစွာ ကျွန်တော်တင်ပြရမယ်ဆိုလို့ရှိရင် အိမ်ထောင်စုစာရင်းကိစ္စ ဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ဖို့ ပထမအဆင့် အရေးအကြီးဆုံးအချက်မှာ ၎င်းနိုင်ငံသားဟာ မည်သည့်အရပ်တွင်နေထိုင်ကြောင်း အတည်ပြုနိုင်တဲ့ ၎င်းရဲ့အမည်ပါဝင်တဲ့ အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) လိုအပ်တာဖြစ်ပါတယ်။ ယခင်က မြို့နယ်တစ်ခုမှ အခြားမြို့နယ်တစ်ခုသို့ ပြောင်းရွှေ့ရာမှာ ရောက်ရှိရာမြို့နယ်မှာ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) ပြုလုပ်ဆောင်ရွက်ရန်အတွက် လိုအပ်ချက်အထောက်အထား(၁၀)ခု သတ်မှတ်ထားပါတယ်။ အဲဒီအထောက်အထား (၁၀)ချက်ထဲက (၅)ချက်ကိုဖြေလျှော့ပြီး ကျွန်တော်တို့ အောက်ပါအထောက်အထား (၅)ခုဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဲဒီအချက်တွေကတော့ အိမ်ထောင်ဦးစီးကိုယ်တိုင်လာရောက်ရန် ယခင်ကလိုပါတယ်။ အခုကတော့ မလိုတော့ဘဲနဲ့ မိသားစုဝင်က အသက်(၁၈)နှစ်ပြည့်သူတစ်ဦး ကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စားလာရောက်လို့ ရပါတယ်။ အိမ်ထောင်ဦးစီးရဲ့လျှောက်လွှာကတော့ ပါရမှာဖြစ်ပါတယ်။ ယခင်တုန်းက အိမ်ထောင်စုလူဦးရေပုံစံ(၆၆/၆)ရှိရာ သက်ဆိုင်ရာမြို့နယ်ရုံးကထုတ်ပေးတဲ့ ပြောင်းရွှေ့ပုံစံ(၁၀) လိုအပ်ပါတယ်။ ဝင်ရောက်နေထိုင်လိုတဲ့လိပ်စာ မှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်လိုအပ်ပါတယ်။ အိမ်ပိုင်၊ တိုက်ခန်းပိုင်ဖြစ်လျှင် ပိုင်ဆိုင်ကြောင်းအထောက်အထားနဲ့ အိမ်ပိုင်၊ တိုက်ခန်းပိုင် မဟုတ်ရင် မည်သည့်အခြေအနေဖြင့် နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ထောက်ခံချက် လိုအပ်ပါတယ်။ ဒီ(၅)ချက် ပါရှိလာမယ်ဆိုရင် ကျွန်တော်တို့ နေ့ချင်းပြီး ဆောင်ရွက်ပေးပါတယ်။ ဒီ(၅)ချက်ကလည်းပဲ ကျွန်တော်တို့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ အဆင့်ဆင့်စဥ်းစားပြီးတော့မှ နောင်တစ်ချိန်မှာ စာရင်းဇယားများ ရှုပ်ထွေးတာတွေ၊ ထပ်နေတာတွေ၊ မလိုလားအပ်တဲ့ နောက်ဆက်တွဲပြဿနာတွေ မဖြစ်နိုင်အောင်လို့ ဒီအချက်တွေကတော့ ဆက်လက်ထားရှိဖို့လိုတဲ့အတွက် ကျွန်တော်တို့ ဒီအချက်တွေကတော့ အနိမ့်ဆုံးလိုအပ်ချက်အဖြစ် ကျွန်တော်တို့ ဖြေလျှော့ပေးခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ယခု ရက်(၁၀၀)အတွင်းမှာ ဆောင်ရွက်ပေးမယ့်အစီအစဥ်တွင် မူလနေထိုင်ခဲ့တဲ့ အရပ်ဒေသ၌ နေထိုင်ခဲ့ခြင်းမရှိတော့သည့် နေရာအတည်တကျမရှိဘဲ ရွှေ့ပြောင်းနေထိုင်သူများကို အထက်ပါဖြေလျှော့မှုများအပြင် ပုံစံ(၁၀)ဟုခေါ်တဲ့နေရပ်လိပ်စာပြောင်းရွှေ့ခြင်းပုံစံ သူတို့လက်ဝယ်မှာ မပါရှိစေကာမူ အဲဒီအချက်ကိုလည်းပဲ ထပ်မံပြီးတော့မှ ဖြေလျှော့ပါတယ်။ ကာယကံရှင်ကိုယ်တိုင် မူလဒေသသို့ ပြန်သွားဖို့မလိုတော့ဘဲနဲ့ ကျွန်တော်တို့ဌာနဆိုင်ရာ မြို့နယ်ရုံးအချင်းချင်း ချိတ်ဆက်ပြီးတော့မှ မှန်ကန်တယ်၊ ညီညွတ်တယ်ဆိုရင် ဖြေလျှော့ပြီးတော့မှ ဆောင်ရွက်ပေးပါတယ်။ အိမ်ထောင်စုလူဦးရေစာရင်းကို မူလမြို့နယ်မှာ ပယ်ဖျက်စေပြီးတော့မှ လက်ရှိမြို့နယ်မှာ အိမ်ထောင်စုစာရင်း ထုတ်ပေးပါတယ်။ ရရှိသင့်တဲ့ ကတ်တစ်မျိုးမျိုးကို ထုတ်ပေးဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားလိုပါတယ်။

ဆက်လက်ပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ခွင့်နဲ့ ပတ်သက်ပြီးတော့မှ ဖြေကြားရမယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ နေထိုင်ခဲ့ကြတဲ့ တိုင်းရင်းသားများအား လိုအပ်ချက်အထောက်အထားများဖြင့် ပြည့်စုံမှန်ကန်စွာ တင်ပြလျှောက်ထားလာမယ်ဆိုရင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ စိစစ်ပြီးတော့မှ လွယ်ကူစွာ၊ လျင်မြန်စွာ ထုတ်ပေးလျက်ရှိပါတယ်။ အလားတူ ကိုးကန့်လူမျိုး မှန်ကန်တယ်ဆိုပါကလည်းပဲ တိုင်းရင်းသားလူမျိုးနွယ် ဖြစ်တာကြောင့် အထူးစိစစ်ရန်မလိုဘဲ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ သို့ရာတွင် ရှမ်းပြည်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေခြင်း၊ တစ်ဖက်နိုင်ငံရှိ မျိုးနွယ်တူများ ရှိနေခြင်းဖြစ်၍ ကိုးကန့်နယ်မြေအတွင်းမှာ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေအရ တိုင်းရင်းသားအဖြစ် အသိအမှတ်ပြုခဲ့သော ကိုးကန့်တိုင်းရင်းသားများနဲ့ တိုင်းရင်းသားမဟုတ်တဲ့လူမျိုးများ ရောနှော နေထိုင်လျက်ရှိခြင်းဟာလည်းပဲ ပကတိအခြေအနေအမှန်ပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ရုံးလက်ခံအိမ်ထောင်စုစာရင်းများအရ မှတ်ပုံတင်ထုတ်ပေးနိုင်တဲ့အသက်(၁၀)နှစ်အထက် ကိုးကန့်လူမျိုးစုစုပေါင်း (၂၁၀၈၆၉)ဦးရှိသည့်အနက် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ ကျွန်တော်တို့ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးပြီးသူက(၉၂၇၄၄)ဦး ရှိပါတယ်။ ဧည့်နိုင်ငံသားလက်မှတ်(၁၀၄)ဦး၊ နိုင်ငံသားပြုခွင့်ရသူလက်မှတ်(၃၅၄)ဦး၊ အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား (၇၄၆၄၅)ဦး၊ နိုင်ငံသားစိစစ်ခံရမည့်သူရဲ့ သက်သေခံကတ်ပြား National Verification Card (၅၂၄၅)ဦး ကျွန်တော်တို့ ထုတ်ပေးပြီး ဖြစ်ပါတယ်။ အထက်ပါမှတ်တမ်းများအရ အဆင့်ဆင့် စိစစ်ချက်ဖြင့် ကိုးကန့်တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးသည်သာမကဘဲနဲ့ ဥပဒေနဲ့အကျုံးဝင်တဲ့ နိုင်ငံသားတိုင်းရင်းသား မဟုတ်သူများကိုပါ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအဖြစ် ဥပဒေနဲ့အညီ အတတ်နိုင်ဆုံး ဖြေလျှော့စဉ်းစား ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများအားလုံး တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံအတွင်း နေထိုင်သူဖြစ်ကြောင်း အထောက်အထားဖြင့် မှတ်ပုံတင်တစ်မျိုးမျိုးကို မဖြစ်မနေ ကိုင်ဆောင်ရမှာဖြစ်ပါတယ်။ အဲဒီကမှတစ်ဆင့် တိုင်းရင်းသားဖြစ်သူများ၊ ဥပဒေအရ နိုင်ငံသားဖြစ်သူများကို စိစစ်ပြီးတော့မှ နိုင်ငံသားဥပဒေနဲ့အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရေး ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါမှာ မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ထားခြင်း မရှိတဲ့သူများ မြန်မာနိုင်ငံအတွင်းနေထိုင်ကြောင်း မှန်ကန်သူများကို လတ်တလောအားဖြင့် နိုင်ငံသား စိစစ်ခံရမည့်သူ သက်သေခံကတ်ပြား NV ကတ်ကို နိုင်ငံနှင့်တစ်ဝန်းလုံးမှာ ကျွန်တော်တို့ စိစစ်ထုတ်ပေးလျက်ရှိပါတယ်။ အထူးသဖြင့် ကိုးကန့်ဒေသကဲ့သို့ နယ်စပ်ဒေသများမှာ နေထိုင်သူများအား တစ်ဖက်နိုင်ငံသားများနဲ့ ကွဲပြားစေဖို့ NV ကတ် ကိုင်ဆောင်ထားရှိဖို့ လိုအပ်ပါတယ်။ အဲဒီကတ်ကိုင်ဆောင်ပြီးသူကို မြန်မာနိုင်ငံသားဥပဒေနဲ့အညီ စိစစ်မယ်ဆိုရင် နိုင်ငံခြားသားလို့ သံသယရှိစရာမလိုတော့တဲ့အတွက် ပိုမိုလွယ်ကူမြန်ဆန်စွာ စိစစ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာနက ဆောင်ရွက်ပေးနေတဲ့ NV ကတ် ထုတ်ပေးရေးလုပ်ငန်းများမှာ ကိုးကန့်ပြည်သူများက ပါဝင်ပူးပေါင်းပြီးတော့မှ မည်သည့်မှတ်ပုံတင်မျှမကိုင်ရသူတွေကိုပါ ပါဝင်ဆောင်ရွက်လာနိုင်ဖို့ ကူညီ

ဆောင်ရွက်ပေးစေလိုပါတယ်။ အဲဒီလို ဆောင်ရွက်ပေးမယ်ဆိုရင် နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွေမှာ လွယ်ကူလျင်မြန်စွာ ဖြစ်လာမှာဖြစ်ကြောင်း ဖြေကြားရင်း ကျွန်တော့်ရဲ့ဖြေကြားချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဆက်လက်ပြီးတော့မှ ကျွန်တော်ကပဲ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် စောယှားဖောင်အွာ ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လူပုဂ္ဂိုလ်အမည်များကို မှည့်ခေါ်ကြရာမှာ ယဉ်ကျေးမှု အရလည်းကောင်း၊ အချင်းချင်းအပြန်အလှန် လေးစားမှုအရလည်းကောင်း၊ အမည်ရှေ့ဆက် ဝေါဟာရ များကို တိုင်းရင်းသားလူမျိုးများအလိုက် ထည့်သွင်း အသုံးပြုကြပါတယ်။ အသက်အရွယ်၊ ဂုဏ်အရည် အချင်းကိုလိုက်ပြီးတော့မှ ထည့်သွင်းခေါ်ဝေါ်တဲ့နေရာမှာ တိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့ထုံးစံများနဲ့ ၎င်းတို့အသုံးပြုသော ဝေါဟာရရဲ့ အနက်အဓိပ္ပာယ်တွေကို လိုက်ပြီးတော့မှ ကွဲပြားခြားနားမှုများနဲ့ တူညီမှုများလည်းပဲ ရှိနေတာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ တိုင်းရင်းသားလူမျိုးအသီးသီးရဲ့ အမည်များရှိ မိမိတို့ရဲ့ အမျိုးသားအမှတ်လက္ခဏာ ရှေ့ဆောင်စကားလုံးရှေ့တွင် (မောင်၊ မ၊ ဦး၊ ကို၊ ဒေါ်) စသဖြင့် အသက်အရွယ်ကိုလိုက်၍ ထည့်သွင်းခေါ်ဝေါ်မှုသည် တိုင်းရင်းသား လူမျိုးအသီးသီးမှ လိုင်ကွဲပြားစွာ သိရှိနိုင်ရန်နှင့် အသက်အရွယ်အပိုင်းအခြားကိုပါ ခွဲခြားသိရှိနိုင်ရန် မိမိတို့ဌာန ရုံးသုံးပုံစံ ကိုယ်ရေး မှတ်တမ်းများတွင် ထည့်သွင်းရေးဆွဲထားခြင်းသာ ဖြစ်ပါတယ်။ လူနည်းစုဖြစ်စေ၊ လူများစုဖြစ်စေ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း ထိခိုက်နစ်နာစေလိုသောသဘောထား၊ လွှမ်းမိုးခြယ်လှယ် လိုသောသဘောထား၊ အမျိုးသားရေးအမှတ်လက္ခဏာများ ပျောက်ပျက်စေလိုသောသဘောထားများဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားခြင်းမျိုး မဟုတ်ပါဘူး။ (မောင်၊ မ၊ ဦး၊ ကို၊ ဒေါ်)ဟူသော အမည်ရှေ့ဆက် ဝေါဟာရများ အသုံးပြုခြင်းဖြင့်လည်း ပြည်ထောင်စုတိုင်းရင်းသားတို့ရဲ့ ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် မှည့်ခေါ်ထားသောအမည်များရဲ့ မူလဆိုလိုရင်းကို မပေါ်လွင်အောင် လွှမ်းမိုးထားနိုင်ခြင်းလည်းပဲ မရှိ ပါဘူး။ ကျွန်တော်တို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသား မှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာနက ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်းများအရ ဖြည့်သွင်းဆောင်ရွက်ရတဲ့ နိုင်ငံသားကိုယ်ရေးမှတ်တမ်း ပုံစံ (နိုင်-၂)ပါ အကြောင်းအရာများရေးသွင်းနည်း ညွှန်ကြားချက်စာအုပ်ကို မြို့နယ်အဆင့် ဦးစီးမှူးရုံး အထိ ဖြန့်ဝေပေးပို့ထားပြီး၊ အဆိုပါ ရေးသွင်းနည်းအတိုင်း နိုင်ငံသားကိုယ်ရေးမှတ်တမ်းများတွင် ရေးသွင်း ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အဲဒီ ညွှန်ကြားချက်မှာ ရေးသွင်းထားတဲ့ အကြောင်းအရာများနဲ့ အမည်ရေးသွင်းခြင်းနှင့် ပတ်သက်ပြီးတော့မှ မှတ်ပုံတင်သူ၏အမည်တွင် လိုင်ကွဲပြားစွာ သိရှိနိုင်ရန် လူမျိုးအလိုက် ယဉ်ကျေးမှု ဓလေ့ထုံးစံ အခေါ် အဝေါ်အရ ရေးသွင်းရမည်။ ဥပမာအားဖြင့် မောင်ခင်သန်း / မခင်သန်း၊ မန်းခင်သိန်း/ နန့်ခင်သိန်း ဟု ဖော်ပြပါရှိပါတယ်။ ယင်းသို့ ရေးသားရာတွင်လည်း အသက် (၁၀)နှစ်ပြည့်ပြီး ကလေးများအတွက် မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၁)၊

အပိုဒ်ခွဲငယ်စိတ်(ခခ)အရ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် ကိုယ်ရေးမှတ်တမ်းပုံစံ (နိုင်-၂)တွင် မြို့နယ်ဦးစီးဌာနမှူးရုံးက ရေးသွင်းနိုင်ရေးအတွက် မေးမြန်းချက်များကို မှန်ကန်ပြည့်စုံစွာ ဖြေဆိုရမည်ဟု ဖော်ပြထားပါတယ်။ အဲဒီ လုပ်ထုံးလုပ်နည်းမှာပဲ အပိုဒ်ခွဲငယ်စိတ်(ခခ)အရ မိဘ သို့မဟုတ် အုပ်ထိန်းသူအား မေးမြန်း၍ ကိုယ်ရေးမှတ်တမ်းပုံစံ (နိုင်-၂) (၃)စောင်တွင် ပြည့်စုံစွာရေးသွင်းရမည်ဟုလည်း ဖော်ပြထားပါတယ်။ အသက်(၁၈)နှစ်ပြည့်ပြီးသူများအတွက် အထက်ဖော်ပြပါ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်စိတ်(ခခ)အရ ကိုယ်ရေးမှတ်တမ်းပုံစံ (နိုင်-၂)တွင် မြို့နယ်ဦးစီးဌာနမှူးရုံးက ရေးသွင်းနိုင်ရေးအတွက် မေးမြန်းချက်များကို မှန်ကန်ပြည့်စုံစွာဖြေဆိုရမည်ဟု ဖော်ပြထားပါတယ်။ အလားတူပဲ အပိုဒ်ခွဲငယ်စိတ် (ခခ)အရ အကြောင်းကြားသူကိုခေါ်ယူမေးမြန်း၍ ကိုယ်ရေးမှတ်တမ်းပုံစံ (နိုင်-၂) (၃)စောင်တွင် ပြည့်စုံစွာရေးသွင်းပေးရမည်ဟုလည်း ဖော်ပြထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရတဲ့နေရာမှာလည်းကောင်း၊ အိမ်ထောင်စုလူဦးရေစာရင်းများ ထုတ်ပေးရတဲ့နေရာမှာလည်းကောင်း၊ လူမျိုးအလိုက် ယဉ်ကျေးမှုဓလေ့ထုံးစံ အခေါ်အဝေါ်အရ ရေးသားရန် ညွှန်ကြားထားပြီး၊ ယင်းသို့ ရေးသားရာတွင် အထက်ဖော်ပြပါ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များအတိုင်း ကလေးများအတွက် မိဘ သို့မဟုတ် အုပ်ထိန်းသူကိုလည်းကောင်း၊ (၁၈)နှစ်ပြည့်ပြီးသူများအတွက် ကာယကံရှင်ကိုလည်းကောင်း ခေါ်ယူမေးမြန်းပြီးတော့မှ ၎င်းတို့ရဲ့ ဖြေကြားချက်အတိုင်း ရေးသွင်းပေးတာ ဖြစ်ပါတယ်။

အဲဒီလို ရေးသွင်းတဲ့နေရာမှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅၀ အရ ရုံးသုံးစာအဖြစ်သတ်မှတ်ထားသော မြန်မာစာဖြင့် ရေးသားဖော်ပြထားရပြီး သက်ဆိုင်ရာတိုင်းရင်းသားလူမျိုး၏ အမျိုးသားရေးလက္ခဏာ ရှေ့ဆောင်စကားလုံးများကိုလည်းပဲ ကာယကံရှင်ရဲ့ ပြောကြားဖြေဆိုသည့်အတိုင်း မြန်မာစာဖြင့် ရေးသွင်းရပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံအခေါ်အဝေါ်များမှာ လူမျိုး တစ်မျိုးနဲ့တစ်မျိုး တူညီခြင်းမရှိတဲ့အတွက် အမျိုးသားရေးအမှတ်လက္ခဏာ ရှေ့ဆောင်စကားလုံးများသည်လည်းပဲ တူညီကြမည် မဟုတ်ပါဘူး။ ထိုကဲ့သို့ သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးများရဲ့ ဘာသာစကားအရ အမည်တွင်ပါရှိတဲ့ ရှေ့ဆောင်စကားလုံးများအား သက်ဆိုင်ရာဘာသာစကား စာပေအလိုက် အဓိပ္ပာယ်ပေါ်လွင်နေပြီး သက်ဆိုင်ရာတိုင်းရင်းသားများကိုယ်တိုင်က အလွယ်တကူသိရှိနိုင်မှာဖြစ်သော်လည်းပဲ၊ ကျန်အခြားတိုင်းရင်းသားလူမျိုးများက မိမိတို့ရဲ့ ရိုးရာဘာသာစကားမဟုတ်သဖြင့် အလွယ်တကူသိရှိနိုင်မှာ မဟုတ်ပါဘူး။ တိုင်းရင်းသားအခေါ်အဝေါ်အတိုင်း ရှေ့ဆောင်စကားလုံးများကို ရုံးသုံးစာဖြစ်သော မြန်မာစာဖြင့် ရေးသားဖော်ပြတဲ့နေရာမှာ သက်ဆိုင်ရာလူမျိုးစုအတွက် အဆင်ပြေသော်လည်းပဲ အခြားတိုင်းရင်းသားများဘက်က ကြည့်မည်ဆိုပါက လိင်နှင့်အသက်အရွယ် ပေါ်လွင်မှုမရှိကြောင်း တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မြန်မာစာဖြင့် အမည်ရဲ့ ရှေ့ဆောင်စကားလုံး သုံးရာတွင် ငယ်ရွယ်သူများအား (မောင်၊ မ) စသဖြင့်လည်းကောင်း၊ အရွယ်ရောက်ပြီးသူများကို (ဦး၊ ဒေါ်) စသဖြင့်လည်းကောင်း၊ လိင်ကွဲပြားစွာ သိရှိနိုင်ရန်နှင့် အသက်အရွယ် အပိုင်းအခြားကိုပါ ခွဲခြားနိုင်ရန်အတွက် ရေးသွင်းထားရခြင်း ဖြစ်ပါတယ်။ အဲဒီလို ရေးသားရာတွင်လည်းပဲ အမည်ကို သက်ဆိုင်ရာတိုင်းရင်းသားလူမျိုး

များမှ ဖြေကြားသည့်စကားလုံးအတိုင်း ထည့်သွင်းရေးသားခြင်းဖြစ်သဖြင့် မူလအသုံးပြုထားသော တိုင်းရင်းသားများရဲ့ အမျိုးသားရေးအမှတ်လက္ခဏာ ရှေ့ဆောင်စကားလုံးများမှာ မှေးမှိန်ပျောက်ကွယ်သွားခြင်း မရှိနိုင်ပါ။ ကာယကံရှင်ကိုယ်တိုင်က ထည့်သွင်းဖြေဆိုခြင်းမရှိတဲ့ စကားလုံးများကို ကျန်ရှိမည်သာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနက ဆောင်ရွက်ခဲ့တဲ့ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာမှာလည်း အမည်အား မေးမြန်းခဲ့ရာ ကာယကံရှင်က ဖြေကြားတဲ့အမည်အား စာရင်း ကောက်ယူသူမှ ရေးသွင်းကောက်ယူခဲ့တာ ဖြစ်ပါတယ်။ အမည်(၂)မျိုး၊ (၃)မျိုး ရှိသူဖြစ်ပါကလည်း ဖြေဆိုသူ ကြိုက်နှစ်သက်ရာ ပြောကြားတဲ့အမည်ကို ရေးသွင်းပေးပါတယ်။ ဖြေဆိုသူက အမည် ရှေ့စကားလုံးများဖြစ်တဲ့ (မောင်၊ မ၊ ကို၊ ဦး၊ ဒေါ်) စသဖြင့်လည်းကောင်း၊ (မန်း၊ နိုင်၊ ခွန်၊ စော၊ စိုင်း၊ နန်း) စသဖြင့်လည်းကောင်း ဖြေကြားခဲ့ရင်လည်းပဲ ဖြေကြားတဲ့အတိုင်း ရေးသွင်းကောက်ယူရပါတယ်။ အမည်ကို မေးမြန်းရခြင်းမှာ စာရင်းအင်းအရည်အသွေး (Data Quality) ကောင်းမွန်ရန်အတွက် သန်းခေါင်စာရင်းကောက်ယူမည့် အိမ်ထောင်စုများ၌ လူကျန်ခြင်း၊ ထပ်ခြင်း မရှိစေဖို့ စစ်ဆေးရန်နှင့် ကျား/မ ဖြည့်သွင်းရာမှာအမည်ကို ကြည့်၍ မှန်/ မမှန် စစ်ဆေးရန်တို့အတွက် အသုံးပြုမေးမြန်းခဲ့ခြင်း ဖြစ်ပါတယ်။

သို့ရာတွင် ကောက်ယူရရှိတဲ့ သန်းခေါင်စာရင်း အချက်အလက်များကို ခေတ်မီစက်များဖြင့် ထည့်သွင်းသိမ်းဆည်းရာမှာ တစ်ဦးချင်းရဲ့အမည်ကို မှတ်တမ်းတင်ထားခြင်း မရှိပါဘူး။ အချက်အလက် ထုတ်ပြန်ရာတွင်လည်း ကျား/မ အသက်အပိုင်းအခြားအလိုက်သာ ထုတ်ပြန်ပြီးတော့မှ အမည်များဖြင့် တစ်ဦးချင်း အကြောင်းအရာကို ထုတ်ပြန်ခြင်း မပြုပါဘူး။ အမည်ရှေ့ဆောင် စကားလုံးသုံးခြင်းနဲ့ ပတ်သက်ပြီးတော့မှ ဥပမာတစ်ခုအနေနဲ့ တင်ပြရမယ်ဆိုရင် ပြည်ပနိုင်ငံသို့ သွားရောက်ကြသူများဟာ နိုင်ငံကူးလက်မှတ်များ၌ အမည်ထည့်သွင်းရတဲ့နေရာမှာလည်းကောင်း၊ နိုင်ငံတကာ၌ အလုပ်အကိုင် လျှောက်ထား လုပ်ကိုင်ကြရာတွင်လည်းကောင်း၊ ပညာသင်ခွင့် လျှောက်ထားကြရတဲ့နေရာမှာ လည်းကောင်း၊ ပြောဆိုသုံးနှုန်းရာတွင်လည်းကောင်း မူရင်းမူလ အမည်ရှေ့ဆက်စကားလုံးများဖြစ်တဲ့ (မောင်၊ မ၊ ဦး၊ ကို၊ ဒေါ်) ဝေါဟာရကို အသုံးကိုဖြုတ်ပြီးတော့မှ နိုင်ငံတကာအသုံးဖြစ်တဲ့ Mr.Mrs.Ms ဟူတဲ့ အမည်ရှေ့ဆက်ဝေါဟာရများကို တပ်ပြီးတော့မှ အသုံးပြုနေတာဖြစ်ပါတယ်။ အချို့တိုင်းရင်းသား များရဲ့အမည်မှာ လူမျိုးဆိုင်ရာ မူရင်းဝေါဟာရကိုမဖြုတ်ဘဲ Mr.Mrs.Ms ဆိုတဲ့ အမည်ဆက်ဝေါဟာရကို ထပ်ဆင့်ကာ တပ်ပြီးတော့အသုံးပြုကြရပါတယ်။ ယင်းကဲ့သို့ နိုင်ငံတကာသုံး အမည်ရှေ့ဆက်ပြောင်းလဲ ခြင်းဖြင့် တိုင်းရင်းသားတို့ရဲ့ အမျိုးသားအမှတ်လက္ခဏာများ ပျောက်ပျက်သွားခြင်းမရှိဘဲ နိုင်ငံတကာ ရုံးသုံး၊ ကျောင်းသုံး ဝေါဟာရဖြစ်သောကြောင့် လိုက်နာကျင့်သုံးရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများ လူနည်းစု၊ လူမျိုးစုငယ်များရဲ့ အမည်မှည့်ခေါ်ရာမှာ အမျိုးသားရေးလက္ခဏာများ ထည့်သွင်းဖော်ပြလေ့ မရှိသော် လည်းပဲ၊ ယင်းတိုင်းရင်းသားများရဲ့ လူမျိုးများရဲ့အမည်ရှေ့မှာ (မောင်၊ မ၊ ဦး၊ ကို၊ ဒေါ်) စသည်ဖြင့် ထည့်သွင်း ခေါ်ဝေါ်နေခြင်းမှာ သီးခြားအမိန့်နဲ့ ညွှန်ကြားချက်၊ ဥပဒေများ မရှိပါကြောင်းနှင့် လိင်ကွဲပြားမှု

သိရှိနိုင်စေရန်နှင့် အသက်အရွယ်အပိုင်းအခြား သိရှိနိုင်စေရန် မိမိဌာန ရုံးသုံးပုံစံ၊ ကိုယ်ရေးမှတ်တမ်းများတွင် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ရေးသွင်းခြင်းသာဖြစ်ပါတယ်။ ကာယကံရှင်များ အနေဖြင့် ဝန်ထမ်းရေးရာ၊ ပညာရေး၊ လူမှုရေး စသည့် အခက်အခဲတစ်စုံတစ်ရာ ရှိကြောင်း ၎င်းတို့ရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင်ဖော်ပြပါရှိသော မြန်မာစာဖြင့်ရေးသားထားတဲ့ ရှေ့ဆောင်စကားလုံးများအား ဖြုတ်၍ တိုင်းရင်းသားလူမျိုးများဆိုင်ရာ အမျိုးသားရေးအမှတ်လက္ခဏာ ရှေ့ဆောင်စကားလုံး ထည့်သွင်းထားသည့်အတိုင်းသာ ပြင်ဆင်ပေးပါရန် လျှောက်ထားလာပါကလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေနဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၁၄၄(က)အရ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ခုန ဝန်ကြီး ရှင်းပြသွားသလို ယခုအချိန်မှာ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ တိုင်းရင်းသားပြည်သူများနဲ့ ကိုးကန့်တိုင်းရင်းသားများအတွက် မွေးတိုး အိမ်ထောင်စုစာရင်းများပြုလုပ်ရာတွင် ဖြေလျှော့ပေးခဲ့သော ပြည်ထောင်စုဝန်ကြီးနှင့်တကွ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အရာထမ်း၊ အမှုထမ်းများအား နိုင်ငံတစ်ဝန်းလုံးရှိ ဒေသအသီးသီးမှာနေထိုင်ကြတဲ့ (၄)သိန်းသော ကိုးကန့် တိုင်းရင်းသားများရဲ့ကိုယ်စား အထူးပင်ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ ၃၄၃ (က)အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ ကိုးကန့်တိုင်းရင်းသား များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူ မိဘများ၏ သားသမီးများ၊ အမျိုးသားမှတ်ပုံတင် ကတ်ပြားကိုင်ဆောင်သူ မိဘများ၏ သားသမီးများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ နဲ့ ကျွန်တော်တို့ ခုနက ဝန်ကြီး ဖြေကြားသွားတာ မှန်ပါတယ်။ ကျွန်တော်ရယ်၊ ကျွန်တော်တို့ရဲ့ လူငယ်အသင်းဥက္ကဋ္ဌ ဦးမောင်မောင် က ဦးစီးဦးဆောင်ပြီးမှ ကျွန်တော်တို့ NVC ကတ်ခေါ် နိုင်ငံသားစိစစ်ခံကတ်ပြားတွေကို ကျွန်တော်တို့ ဦးဆောင်ပြီး လုပ်နေပါတယ်။ ဒီထဲမှာလည်း ကျွန်တော်တို့က အမျိုးသားမှတ်ပုံတင်ကတ်ပြားတွေ မိဘက အမျိုးသားမှတ်ပုံတင်ကတ်ပြား ကိုင်ဆောင် ထားတဲ့သူလည်း ပါတယ်။ နောက်တော့ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားတဲ့သားသမီး လည်းပါတယ်။ ကျွန်တော်တို့က (၆)ဦးစုံမှ နိုင်ငံသားကတ်ပြားပေးမယ်ဆိုရင်တော့ ကျွန်တော်တို့ ကိုးကန့် တိုင်းရင်းသားအနေနဲ့ အခက်အခဲများစွာ ရှိနေပါတယ်၊ ဆိုတော့ ကျွန်တော်တို့ ဒီမှာ ထပ်ဆင့်မေးခွန်း အနေနဲ့ ထပ်ဆင့်မေးရမယ်ဆိုရင် ကျွန်တော်တို့ တိုင်းရင်းသားမိဘနှစ်ပါးကမွေးဖွားတဲ့ နိုင်ငံသား စိစစ်ရေးကတ်ပြားကိုင်ဆောင်ထားတဲ့ မိဘများ၏ သားသမီးများနဲ့ အမျိုးသားမှတ်ပုံတင်ကတ်ပြား ကိုင်ဆောင်ထားတဲ့သူ၏ မိဘ၏ သားသမီးများကို နိုင်ငံသားစိစစ်ရေးကတ်ပြားပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ ထပ်ဆင့်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်နီနိုင် ရဲ့ ထပ်ဆင့်မေးခွန်းများကို

ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ အပိုဒ် ၃၄၅ အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားလာသူ ကိုးကန့်တိုင်းရင်းသားများ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူ မိဘများရဲ့ သားသမီးများ၊ အမျိုးသားမှတ်ပုံတင်ကတ်ပြားကိုင်ဆောင်သူ မိဘများရဲ့ သားသမီးများ၊ နိုင်ငံသား စိစစ်ခံကတ်ပြားကိုင်ဆောင်ထားတဲ့ ကိုးကန့်တိုင်းရင်းသားများရဲ့သားသမီးများကို ဥပဒေနဲ့အညီ နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ထုတ်ပေးဖို့အစီအစဉ် ရှိပါတယ်။ ဆက်လက်ပြီးမှလည်း ဆောင်ရွက်လျက် ရှိပါကြောင်းနဲ့ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ကိုးကန့်တိုင်းရင်းသားဒေသတစ်ခုသာ မဟုတ်ဘဲနဲ့ နိုင်ငံတစ်ဝန်းလုံးမှာ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေနဲ့အညီ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ပန်းတောကြီးကျေးရွာအုပ်စု ကွင်းအမှတ် ၉၅၀၊ ၉၅၁၊ ၉၅၂ ရှိ ဒေသခံတောင်သူများ လက်ရှိလုပ်ကိုင်နေသော လယ်ယာမြေဧက (၂၈၀)ကို မျိုးကျော်လင်း ကုမ္ပဏီက ကျူးကျော်သိမ်းပိုက်ထားပြီး အများပြည်သူ သွားလာသည့်လမ်းအား ပိတ်ဆိုကာရံထားခြင်း အား စိစစ်ဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း က ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ပန်းတောကြီးကျေးရွာအုပ်စု ကွင်းအမှတ် ၉၅၀၊ ၉၅၁၊ ၉၅၂ ရှိ ဒေသခံတောင်သူများ လက်ရှိလုပ်ကိုင်နေသော လယ်ယာမြေဧက(၂၈၀)ကို မျိုးကျော်လင်း ကုမ္ပဏီက ကျူးကျော်သိမ်းပိုက်ထားပြီး အများပြည်သူ သွားလာသည့်လမ်းအား ပိတ်ဆို့ကာရံထားခြင်း အား စိစစ်ဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်က မျိုးကျော်လင်းကုမ္ပဏီကနေပြီးတော့ တောင်သူ များရဲ့ လယ်မြေများကို အဓမ္မသိမ်းပိုက်ထားတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အချိန်မလုံလောက်လို့ရှိရင် (၂)မိနစ်ခန့် တိုးမြှင့်ပေးဖို့ လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ပန်းတောကြီး ကျေးရွာအုပ်စု အတွင်းမှာရှိတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ဧက(၃၀၀၀)ကို လွန်ခဲ့တဲ့ ၂၀၀၇ ခုနှစ် က နိုင်ငံတော်ကနေပြီးတော့ စက်မှုသီးနှံဖြစ်တဲ့ ရာဘာပင်များစိုက်ပျိုးဖို့ ဆိုပြီးတော့ မျိုးကျော်လင်း

ကုမ္ပဏီကို ချမှတ်ပေးခဲ့တာ ရှိပါတယ်။ အဲဒီလို ချမှတ်ပေးခဲ့တဲ့ မြေတွေထဲမှာတော့ ပန်းတောကြီးရွာ ကွင်းအမှတ် (၉၆၇)၊ နံဂါတ်ကွင်း၊ ဧရိယာ (၈၂၆)ဧက၊ ကွင်းအမှတ် (၉၆၂-ခ)၊ ငပုကုန်းကွင်း၊ ဧရိယာ ဧက(၁၀၀၀)၊ ကွင်းအမှတ် (၉၆၃-ခ)၊ ဝါးတောတောင်ကွင်း၊ ဧရိယာ (၁၁၇၄)ဧက စုစုပေါင်း ဧက(၃၀၀၀) ဆိုပြီးတော့ ခွင့်ပြုမိန့်မှာ ပါရှိတာဖြစ်ပါတယ်။

သို့သော်လည်းပဲ မျိုးကျော်လင်းကုမ္ပဏီရဲ့ တာဝန်ရှိတဲ့သူတွေက နိုင်ငံတော်က သတ်မှတ်ချထားပေးခြင်းမရှိတဲ့ ကွင်းအမှတ် (၉၅၀၊ ၉၅၁၊ ၉၅၂)တို့မှာရှိတဲ့ ယိုးဒယားကွင်း၊ ထောက်ကြန့်ကွင်း၊ ဖားရိုက်ကွင်း၊ မှတ်ထိန်ကွင်းနဲ့ ချုံးချုံးကျချောင်းတို့မှာ စဉ်ဆက်မပြတ် လက်ရှိလက်ငုတ် စိုက်ပျိုးနေကြတဲ့ တောင်သူ ဦးအောင်မင်း ပါ (၄၈)ဦးတို့ရဲ့ တောင်ယာမြေဧက (၂၈၀)ကိုပါ အဓမ္မခြံစည်းရိုးခတ်သိမ်းဆည်းသွားတဲ့အတွက် စိုက်ပျိုးနေတဲ့တောင်သူများအနေနဲ့ လယ်ယာမြေများ ဆုံးရှုံးသွားရတဲ့အပြင် နှစ်ပေါင်း(၃၀)ကျော်ကပင် ဖြတ်သန်းသွားလာ အသုံးပြုနေတဲ့ ဆက်သွယ်ရေးလမ်းမကြီးကို ကာရံခဲ့တဲ့အတွက် ပန်းတောကြီး၊ ဝါးတောကွင်း၊ ကွမ်းခြံကုန်း၊ ဘဲ့ပြားကုန်းနဲ့ ကြီးပေါက်ကုန်း ကျေးရွာများသို့ ဆက်သွယ်သွားလာဖို့ အခက်အခဲများ ဖြစ်နေကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ တောင်သူလယ်သမားများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ မေးခွန်း(၁)နိုင်ငံတော်က မျိုးကျော်လင်းကုမ္ပဏီအား ရာဘာပင်များစိုက်ပျိုးရန် မြေဧက (၃၀၀၀) ချထားပေးရာတွင် ခွင့်ပြုမိန့်၌ပါရှိသော ကွင်းအမည်၊ ကွင်းအမှတ်နှင့် သတ်မှတ်ဧရိယာဧက အတိုင်း မှန်ကန်မှု ရှိ/မရှိ တာဝန်ရှိသူများက ကြေးတိုင်မြေပုံ၊ ကွင်းတွက်မြေပုံ၊ GPS မြေပုံ၊ RTK စနစ်တို့နှင့် လက်ရှိမြေပြင်အခြေအနေတို့ကို သေချာစွာ စစ်ဆေးတိုင်းတာပြီးမှ ချထားပေးခဲ့ခြင်း ဟုတ်/မဟုတ် သိလိုပါတယ်။ မေးခွန်း(၂) ကတော့ မြို့နယ်မှထုတ်ပေးထားသည့် ပတ်ဝန်းကျင်အခြေအနေပြမြေပုံအရဆိုလို့ရှိရင် မျိုးကျော်လင်းကုမ္ပဏီက စိုက်ပျိုးလုပ်ကိုင်ခွင့်ရထားတဲ့ မြေဧရိယာအတွင်းမှာ တောင်သူများရဲ့ လက်ရှိလက်ငုတ် စိုက်ပျိုးလုပ်ကိုင်နေတဲ့ တောင်ယာမြေများ ပါဝင်ခြင်းမရှိသလို၊ ကွင်းအမှတ်များလည်း ကွဲပြားစွာရှိနေကြောင်း ထင်ရှားနေတဲ့အတွက် ကုမ္ပဏီအပေါ်မှာ စည်းကမ်းပျက်အဖြစ် သတ်မှတ်ပြီးတော့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ မေးခွန်း(၃)ကတော့ အဓမ္မသိမ်းဆည်းခံရတဲ့ လက်လွတ်ဆုံးရှုံးသွားတဲ့ တောင်သူ(၄၈)ဦးတို့၏ မြေဧက(၂၈၀)ကို ပြန်လည်စိုက်ပျိုးခွင့်ရရှိရေး ဒါမှမဟုတ် ထိုက်သင့်တဲ့လျော်ကြေးငွေ ရရှိရေးတို့အတွက်လည်းကောင်း၊ အများပြည်သူ ဖြတ်သန်းသွားလာနေသော ဆက်သွယ်ရေးလမ်းမကြီးအား ပြန်လည်ဖြတ်သန်းခွင့် ရရှိရေးအတွက်လည်းကောင်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ကူညီဖြေရှင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်အတွင်း တောင်သူလယ်သမားများ စိုက်ပျိုးရေးတွင် ရေချိုရရှိရန် အတွက် ရေချိုချောင်းများကို ပြည်ထောင်စုအစိုးရ ရန်ပုံငွေဖြင့် ရေချိုချောင်းပိတ်ဆည် ဆောင်ရွက်ပေး ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်အတွင်း တောင်သူလယ်သမားများ စိုက်ပျိုးရေးတွင် ရေချိုရရှိရန် အတွက် ရေချိုချောင်းများကို ပြည်ထောင်စုအစိုးရ ရန်ပုံငွေဖြင့် ရေချိုချောင်းပိတ်ဆည် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါ တယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ အဓိက ကျွန်တော် တို့ တောင်သူလယ်သမားများ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ကျွန်တော်တို့ ရေချိုနဲ့ပတ်သက်လို့ မေးခွန်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်အတွင်း တောင်သူလယ်သမားများ စိုက်ပျိုးရေးတွင် ရေချိုရရှိရန်အတွက် ရေချိုချောင်းများကို ပြည်ထောင်စုအစိုးရ ရန်ပုံငွေဖြင့် ရေချို ချောင်းပိတ်ဆည် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးလိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဒီမေးခွန်းနဲ့ပတ်သက်လို့ မေးရတဲ့အကြောင်းအရင်းကို အနည်းငယ် ကျွန်တော် ဆွေးနွေး တင်ပြလိုပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီမေးခွန်းဟာ ကျွန်တော် ရခိုင်ပြည်နယ်လွှတ်တော် အထဲမှာ ၂၀၁၄ က မေးပြီးသား မေးခွန်းလည်း ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ရခိုင်ပြည်နယ်အစိုးရ၏ တောင်းခံတဲ့ဘဏ္ဍာငွေထဲမှာလည်း ရေချိုချောင်း(၂၉)ချောင်းဟာ ပါခဲ့ပါတယ်။ သို့သော်လည်း အကြောင်း အမျိုးမျိုးကြောင့် လုပ်ငန်းအကောင်အထည်ဖော်မှု မရှိခဲ့ပါဘူး။ သို့သော်လည်း ၂၀၁၅-၂၀၁၆ မှာ လည်း ဒီလုပ်ငန်းကို ရေးဆွဲတောင်းခံခြင်း မရှိခဲ့တာကို တွေ့ခဲ့ရပါတယ်။

ဒါကြောင့် ကျွန်တော် အမျိုးသားလွှတ်တော်မှာ ထပ်ဆင့်မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်လို့ အကျိုးအကြောင်းကို ဖော်ပြရပါမယ်ဆိုလျှင် ကျွန်တော်တို့ ပေါက်တော မြို့နယ်ဟာ ဘင်္ဂလားပင်လယ်အော်၏ မြောက်ဘက်တွင် တည်ရှိပြီး၊ နှစ်စဉ် နှစ်တိုင်း ဆားငန်ရေ လွှမ်းမိုးမှုကို အစဉ်အမြဲခံနေရသော မြို့နယ်တစ်မြို့နယ်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပေါက်တော မြို့နယ်ဟာ စိုက်ပျိုးရေးကိုအခြေခံပြီး လယ်ယာလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည်ကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးတွင် ရေချိုရရှိရန် အလွန်အရေးကြီးပါတယ်။ ရခိုင်ပြည်နယ်၏ မိုးရာသီ ရှာသွန်းနှုန်းမှာလည်း မိုးရေချိန်လက်မ (၂၀၀)ကျော် ရွာသွန်းတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

သို့ပါသော်လည်း မိုးရေချိန်လက်မ(၂၀၀)ကျော် ရွာသွန်းသော်လည်း ရခိုင်ပြည်နယ်ရှိ တောင်သူလယ်သမားများမှာ ၎င်းမိုးရေချိန်ကို ထိန်းသိမ်းထားနိုင်ရန် ရေချိုထိန်းဆည်များ၊ ရေချို

ချောင်းများကို အစိုးရမှ တာဝန်ခံမှု၊ တာဝန်ယူမှု မရှိသည့်အတွက် တောင်သူလယ်သမားများမှာ လွန်စွာ နစ်နာဆုံးရှုံးနေသည်ကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်က မိုးရာသီတွင်စပါးစိုက်ပျိုးထားသော ရခိုင်ပြည်နယ်ရှိ တောင်သူလယ်သမားများမှာ ဒီရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးထားသောစပါးခင်းများ လုံးဝနီးပါး ပျက်စီးခဲ့တာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ အကယ်၍ ရေချိုချောင်းများ ဆည်ပိတ်ထားရှိပြီးဖြစ်ပါက ဒီရေလွှမ်းမိုးမှုကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ယနေ့ ရခိုင်ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အောက်မှရှိသော ဆည်မြောင်းတာတမံများကို ဆည်ပိတ်ပေးလျက်ရှိပါတယ်။

သို့သော်လည်း ကျွန်တော်တို့ ပေါက်တောမြို့နယ်အတွင်း ဆည်မြောင်းတာတမံ(၁၁)ခုကို၊ ဆည်ပိတ်ပြီးစီးနေတာကို၊ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အနည်းငယ် အချိန်တိုးပေးစေလိုပါတယ်။ ဆည်မြောင်းတာတမံများ ပြီးစီးနေသော်လည်း ဆည်မြောင်းတာတမံများဥပဒေအရ ထိန်းသိမ်းမှု မရှိသည့်အတွက် တောင်သူလယ်သမားများမှာ စိုက်ပျိုးရေး၊ စိုက်ပျိုးရန် လုံးဝမဖြစ်နိုင်တဲ့အခြေအနေမှာ ရှိနေပါတယ်။ ဒါကြောင့် ပေါက်တောမြို့နယ်အတွင်း တောင်သူလယ်သမားများ စိုက်ပျိုးရေးတွင် ရေချိုရရှိရန်အတွက် အောက်ပါရေချိုချောင်းများကို ပြည်ထောင်စုအစိုးရမှ ဦးစားပေး ဆည်ပိတ်ရန် အစီအစဉ်ရှိ/မရှိ မေးလိုရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အောက်ပါရေချိုချောင်း (၂၉)ချောင်း ဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာလို့ တစ်ခုချင်းမတင်ပြတော့ပါဘူး။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ပခုက္ကူ-ဆိပ်ဖြူ ကားလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ် ၃၁ မှ လည်းကောင်း၊ မိုင်တိုင်အမှတ် ၃၃ မှ လည်းကောင်း ဖောက်လုပ်ထားသော လမ်းပေါ်ရှိ ယောချောင်းကူးတံတား အသစ်တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ က ပခုက္ကူ-ဆိပ်ဖြူ ကားလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ် ၃၁ မှ လည်းကောင်း၊ မိုင်တိုင်အမှတ် ၃၃ မှ လည်းကောင်း ဖောက်လုပ်ထားသောလမ်းပေါ်ရှိ ယောချောင်းကူးတံတားအသစ်တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်အားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမယ့်မေးခွန်းက ယောချောင်းကူးတံတား အသစ်တစ်စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလမှာ တိုက်ခိုက်ခဲ့တဲ့ ဂီရိမုန်တိုင်းနဲ့ ၂၀၁၁ ခုနှစ် မှာ တိုက်ခိုက်ခဲ့တဲ့ $O_2B$ မုန်တိုင်းတို့ရဲ့ ဒဏ်ကြောင့် ယောချောင်းပေါ်မှာရှိတဲ့ အုန်းတောတံတား၊

ရေပြာတံတား၊ ကံတွင်းတံတားများဟာ ပျက်စီးခဲ့ရပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ အုန်းတောတံတား၊ ရေပြာတံတားတို့ကို ပြန်လည်တည်ဆောက်ပေးခဲ့သော်လည်း ကံတွင်းတံတားကို တော့ ယနေ့အချိန်ထိ ပြန်လည်တည်ဆောက်ပေးခဲ့ခြင်းမရှိပါဘူး။

ဒီကံတွင်းတံတား ပြန်လည်တည်ဆောက်ပေးခဲ့ခြင်း မရှိတဲ့အတွက် ဧရာဝတီမြစ်ရဲ့ အနောက်ဘက် ယောချောင်းရဲ့အရှေ့ဘက်၊ အနောက်ဘက်မှာရှိကြတဲ့ ဒေသခံပြည်သူများစွာဟာ လမ်းပန်းဆက်သွယ်ရေးလွန်စွာမှ ခက်ခဲခဲ့ကြရပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့ကြတာနဲ့အညီ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး အစရှိသည်တို့ဟာ နောက်ကျ ကျန်ရစ်ခဲ့ရပါတယ်။ ဒီယောချောင်းတံတား၊ ကံတွင်းပျက်စီးပြီးတဲ့နောက်ပိုင်းမှာ ဒေသခံပြည်သူများစွာဟာ ဒီ မြစ်ခြေ-ဝါဇီ လမ်းပိုင်းမှတစ်ဆင့် ဒေါင်းသာ(မီးရထားတံတား)ကို အသုံးပြုပြီးတော့ သွားလာနေကြရပါတယ်။

ဒါပေမယ့်လည်း ဒီလမ်းပိုင်းဟာ ရာသီမရွေးသွားလာ၍ မရသည်ကတစ်ကြောင်း၊ သွားလာရာမှာ ဒီဒေါင်းသာတံတားကိုရောက်ရန် ရှည်လျားကွေ့ပတ်သွားလာရသည်ကတစ်ကြောင်း တို့ကြောင့် ဒီ ဒေါင်းသာတံတားကို ဒေသခံပြည်သူများ အသုံးပြုဖို့က လွယ်ကူမှုမရှိ ဖြစ်ရပါတယ်။ ယခုအခါမှာ ကျွန်တော်တို့ ပခုက္ကူ-ဆိပ်ဖြူလမ်း မိုင်တိုင် (၃၁)နှင့် မိုင်တိုင်(၃၃)တို့ကနေပြီးတော့ ယောချောင်း အရှေ့ဘက်မှာရှိကြတဲ့ ကျွန်တော်တို့ မြစ်ဖျားရွာနဲ့ အရှေ့ကမ်းဖြူရွာများကို ကျောက်ချောလမ်းများ ဖောက်လုပ်ပြီးဖြစ်ပါတယ်။ ၎င်းလမ်းပိုင်းတွေကို အသုံးပြုပြီးတော့ တံတားအသစ်တစ်စင်း တည်ဆောက်ပေးခြင်းအားဖြင့် ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ခြမ်း ယောချောင်းရဲ့ အရှေ့ဘက်၊ အနောက်ဘက်မှာ နေထိုင်ကြတဲ့ ဒေသခံပြည်သူများစွာဟာ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ လာစေမှာပဲ ဖြစ်ပါတယ်။

ထို့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ပခုက္ကူ-ဆိပ်ဖြူ လမ်း မိုင်တိုင် ၃၁ မှ လည်းကောင်း၊ မိုင်တိုင် ၃၃ မှ လည်းကောင်း ဖောက်လုပ်ထားသော လမ်းပိုင်း ပေါ်မှတစ်ဆင့် ယောချောင်းကိုဖြတ်ကူးပြီးတော့ တံတားအသစ်တစ်စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ အကယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနအနေနဲ့ ခွင့်ပြုပေးနိုင်တဲ့ တံတား မဟုတ်ဘူးဆိုရင်လည်း သက်ဆိုင်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၂။**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ကြီးများအား ပထမဦးစွာ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ယနေ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ဒီဌာနအတွက် မေးမြန်းထားတဲ့ မေးခွန်း(၃)ခုနဲ့ ပတ်သက်ပြီးတော့ ဖြေကြားဖို့ရောက်လာတဲ့ ကျွန်တော် ဒုတိယဝန်ကြီး၊ ဒေါက်တာထွန်းဝင်း ဖြစ်ပါတယ်။

ပထမဦးစွာ ကျွန်တော် ဖြေကြားရမယ့် ရောဝတီတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြား ရမယ်ဆိုလို့ရှိရင်တော့ ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်မှာ ၂၀၀၆-၂၀၀၇ ခုနှစ်မှာ မျိုးကျော်လင်း ကုမ္ပဏီက မြေလွတ်၊ မြေလပ်၊ မြေရိုင်းလုပ်ကိုင်ခွင့်အတွက် မြေဧရိယာ(၃၀၀၀) ဧကကို လျှောက်ထားခဲ့ရာမှာ ခွင့်ပြုမိန့်ဦးပါရှိတဲ့ ကွင်းအမှတ်၊ ကွင်းအမည်များမှန်ကန်သော်လည်း နယ်နိမိတ် အတွင်း မတိုင်းတာရသေးသောဧရိယာ၊ ကြေးတိုင်ပြင်ဧရိယာများ ပါရှိနေပါသဖြင့် အပြီးသတ် မြေတိုင်းတာခြင်းမပြုလုပ်ရသေးပါကြောင်းနှင့် (၁ လက်မ= ၁မိုင်)စကေးမြေပုံအရ ဧရိယာတွက်ချက် လျှောက်ထားခဲ့ရာမှာ အကောင်အထည်ဖော်စိုက်ပျိုးထားသည့် ဧရိယာ(၁၉၇၀) ဧကကို GPS ဖြင့် တိုင်းတာ၍ သီးနှံစိုက်ပျိုးမှု မှတ်သားထားရှိပြီး ဖြစ်သော်လည်း ကျန်ဧရိယာများကို အပြီးသတ် တိုင်းတာသည့်အခါ အပြောင်းအလဲရှိနိုင်ပါကြောင်း သိရှိရပါတယ်။

ဒါကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးထားတဲ့ မေးခွန်း(က)နဲ့ ပတ်သက်တဲ့ အဖြေတစ်ခုလို့ပဲ ကျွန်တော် ယူဆပါတယ်။ ဒါနဲ့ပတ်သက်လို့ ထပ်ပြီးတော့ မရှင်းလင်းတာရှိရင် မေးမြန်းလို့ ရပါတယ်။ ဒါတွေကတော့ ရောဝတီတိုင်းကိုယ်စားလှယ်၊ ရောဝတီတိုင်း ပြည်ထောင်စု အစိုးရရဲ့ ဖြေကြားချက်ကို ကျွန်တော်က ထပ်ဆင့် ဖြေကြားခြင်းဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ပန်းတောကြီး ကျေးရွာအုပ်စုနဲ့ ဝါးတောကွင်းကျေးရွာအုပ်စုရှိ တောင်သူလယ်သမား ဦးအောင်မင်း ပါ (၄၈)ဦးတို့မှ ၁၉-၈-၂၀၁၄ ရက်စွဲပါ တင်ပြစာဖြင့် တင်ပြခဲ့မှုအပေါ် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အကြောင်းကြားခဲ့သည့်အတွက် ရောဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီး ဌာနမှ ၁၉-၅-၂၀၁၅ ရက်စွဲပါ စာအမှတ် ၅၇၁/မအ-၁၁ ဖြင့် ဦးအောင်မင်း ပါ (၄၈)ဦးတို့၏ တင်ပြပါ မြေဧရိယာ(၂၇၆)ဧကကို မျိုးကျော်လင်း ကုမ္ပဏီ၏ စိုက်ပျိုးရန် ကျန်ဧရိယာအတွင်းမှ လုပ်ထုံး လုပ်နည်းနဲ့အညီ ထုတ်နုတ်လျက် ခွဲဝေချထား လုပ်ပိုင်ခွင့်ပြုသင့်ကြောင်း ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခဲ့ကြောင်း သိရှိရပါတယ်။

ဒုတိယမေးခွန်းနဲ့ ပတ်သက်ပြီးတော့ အဖြေကို ဖြေကြားရမယ်ဆိုရင် ရောဝတီတိုင်း ဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ပန်းတောကြီးကျေးရွာအုပ်စု၊ ဝါးတောကွင်းကျေးရွာအုပ်စုရှိ တောင်သူ လယ်သမား ဦးအောင်မင်း ပါ (၄၈)ဦးတို့မှ တင်ပြသောမြေသည် ယခင်က ဦးမောင်ဖြူ ပါ (၄၁)ဦးနှင့် ဦးမြင့်သန်း ပါ (၇၆)ဦးတို့မှ တင်ပြခဲ့ဖူးသည့် မြေနေရာဖြစ်ပါသည်။ အဆိုပါတင်ပြနေရာသည် ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုအဖွဲ့၏ ၂၆-၃-၂၀၀၇ နေ့စွဲပါ စာအမှတ်၊ ၄၄၁၇/ မယ(ဖ)(၁၁)၂၀၀၇ ဖြင့် နှစ်ရှည်ပင်စိုက်ပျိုးရန်အတွက် မျိုးကျော်လင်းကုမ္ပဏီအား လုပ်ပိုင်ခွင့် ပြုခဲ့သော ဧရိယာ(၃၀၀၀)ဧကအတွင်း ပါဝင်လျက်ရှိပြီး မျိုးကျော်လင်းကုမ္ပဏီမှ ၃၁-၃-၂၀၁၆

ရက်နေ့အထိ ဧရိယာ(၃၀၀၀)အတွင်းမှ (၁၉၇၀)ဧကအား ရော်ဘာသီးနှံစိုက်ပျိုးထားပြီး ကျန်မြေ (၁၀၃၀)ဧကပေါ်မှာ မြေပြင်ပေါ်မှာ လုပ်ကိုင်မှုမရှိကြောင်း သိရှိရပါတယ်။

ဒီအပိုဒ်ကလေးကတော့ ခုနကမေးခွန်း(ခ)နဲ့ ပတ်သက်တဲ့ဟာလို့ပဲ ကျွန်တော် ယူဆတယ်။ ကျွန်တော် ဒီဟာလေးက မေးခွန်း(ခ)နဲ့ပတ်သက်ပြီးတော့ သက်ဆိုင်တဲ့စာပိုဒ်လို့ပဲ ကျွန်တော် ယူဆပါတယ်။ ဒါနဲ့ပတ်သက်လို့ မရှင်းရင် ထပ်ပြီးတော့ မေးမြန်းလို့ရပါတယ်။ ဖော်ပြပါမြေနဲ့ ပတ်သက်၍ ယခင်က ဒေသခံတောင်သူများ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး မိမိတို့၏ လုပ်ပိုင်ခွင့်ရမြေအဖြစ် ပြန်လည်ရယူရန် အမည်အမျိုးအမျိုးဖြင့် တောင်းဆိုတင်ပြနေခြင်းအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခရိုင်အုပ်ချုပ်ရေးမှူးဦးဆောင်၍ တင်ပြလိုသော ဒေသခံများနှင့် ကုမ္ပဏီတို့အကြား ညှိနှိုင်းခဲ့သော်လည်း တောင်သူများတင်ပြသည့် ဧရိယာနှင့် မြေပြင်တွင်ပြသသော ဧရိယာတို့မှာ အလွန် ကွဲပြားခြားနားနေသောကြောင့် ညှိနှိုင်းပြေလည်မှု မရရှိခဲ့ကြောင်း သိရှိရပါသည်။

ဦးမောင်သက် ပါ (၅၄)ဦးကလည်း ရှေ့နေ ဦးဖိုးဖြူ ဆိုသူအား ဦးဆောင်စေလျက် ပြည်သူ့ဝန်ထမ်းဥပဒေနဲ့အညီ ဆောင်ရွက်လျက်၊ ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ ဖျက်သိမ်းပေးပါရန် ၁၉၀၉ ခုနှစ်၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၀ အရ ဟသ်ာတခရိုင် တရားရုံးတွင် တရားစွဲဆိုဆောင်ရွက်ချက်များပြုလုပ်ခဲ့ရာ တိုင်ကြားတင်ပြသူများဘက်မှ ၎င်းတို့ လုပ်ပိုင်ခွင့်အထောက်အထားများ တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့်အတွက် ပြန်လည်ရုပ်သိမ်းကြောင်းနှင့် ဟသ်ာတခရိုင် တရားရုံးမှလည်း ပြန်လည်ရုပ်သိမ်းခွင့်ပြုခဲ့ကြောင်း သိရှိရပါတယ်။

မျိုးကျော်လင်း ကုမ္ပဏီမှ လုပ်ကိုင်ခွင့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ခွင့်ပြုမြေပေါ်မှာ ရော်ဘာခြံလုံခြုံရေးအတွက် သံဆူးကြိုးကာရံခဲ့ခြင်းကို အကြောင်းပြု၍ ဦးအောင်မင်း ပါ (၄၈)ဦးတို့က ကျေးရွာအုပ်စုအတွင်း ဆက်သွယ်ရေးလမ်းတားဆီးပိတ်ဆို့ထားမှုကို ဖယ်ရှားပေးရန်အတွက် ထာဝရကားလမ်းထုတ်ပေးစေလိုမှုဖြင့် ဟသ်ာတခရိုင်တရားရုံးမှာ မျိုးကျော်လင်းကုမ္ပဏီအား တရားစွဲဆိုခဲ့ရာ ၎င်းတို့စွဲဆိုသောအမှုအား စရိတ်နှင့်တကွ ပလပ်လိုက်ကြောင်း ခရိုင်တရားရုံးမှ ဆုံးဖြတ်ခဲ့သည်ကို သိရှိရပါတယ်။

ဒါကြောင့်မို့လို့ နောက်ဆုံး လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ နံပါတ်(ဂ)နဲ့ ပတ်သက်ပြီးတော့ ဧရာဝတီတိုင်းဒေသကြီးအစိုးရရဲ့ ဖြေကြားချက်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အမှတ်(၄) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ၏ မေးမြန်းချက်နဲ့ ပတ်သက်၍ ဒေသခံတောင်သူများ လက်ရှိလက်ငုတ်လုပ်ကိုင်နေသော လယ်ယာမြေဧက(၂၈၀)ကို မျိုးကျော်လင်း ကုမ္ပဏီက ကျူးကျော်သိမ်းပိုက်ထားသည့်အချက်နှင့် မျိုးကျော်လင်း ကုမ္ပဏီ၏ ခွင့်ပြုဧရိယာအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် ဧရိယာများနှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ကြီးကြပ်ကွပ်ကဲမှုဖြင့် ကွင်းဆင်းစစ်ဆေး၍ ခွင့်ပြုဧရိယာအတွင်းမှ ပယ်ဖျက်နိုင်ရေး ဆောင်ရွက်သွားရန်၊ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ တောင်သူတစ်ဦးချင်းမှ လျှောက်ထားစေပြီး လမ်းပိတ်ဆို့မှုကာရံထားခြင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီနှင့်ဒေသခံတောင်သူများကြား ပြေလည်မှုရရှိစေရေးကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ

သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက် ပေးသွားမည် ဖြစ်ပါကြောင်းရှင်းလင်းဖြေကြားအပ်ပါသည်။ကျေးဇူးတင်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒုတိယဝန်ကြီးအနေနဲ့ ကျွန်တော် ခုန ရခိုင်ပြည်နယ်က မေးထားတဲ့ မေးခွန်း ဆက်လက်ဖြေကြားဖို့။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ရခိုင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်အတွင်းမှာရှိတဲ့ လယ်သမားများ စိုက်ပျိုး ရေးမှာ အသုံးပြုနိုင်တဲ့ ရေချိုချောင်းများကို ပြည်ထောင်စုအစိုးရရန်ပုံငွေဖြင့် ဆည်ဖို့ကူညီပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ်မှာ အောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်။

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်မှာ ပင်လယ်နှင့်ထိစပ်လျက်ရှိပြီးတော့ ရေငန်ပတ်လည် ဝိုင်းနေသော ဧရိယာဖြစ်ပါ၍ ဒေသအတွင်းရှိချောင်းများမှာ ပင်လယ်ဒီရေ အတက်အကျရှိပြီးတော့ ရေငန်ဝင်ရောက်လျက်ရှိသော ချောင်းများဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် လယ်ယာမြေများ ဆားငန်ရေ ဝင်ရောက်နစ်မြုပ်မှုမှကာကွယ်ရန် ရေငန်တားတာများ ပတ်၍တည်ဆောက်ခြင်း၊ ရေချိုထိန်းသိမ်း သိုလှောင်ထားနိုင်ရန်နှင့် ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန်အတွက် ချောင်းများပေါ်တွင် ရေငန် တားတာများနှင့် တွဲဖက်၍ ရေထိန်းတံခါးများထည့်သွင်းတည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ဒေသလိုအပ်ချက်အပေါ်မှာ မူတည်ပြီးတော့ လိုအပ်သည့်စူးစမ်းလေ့လာခြင်း လုပ်ငန်းများကို ဆောင်ရွက်ကာ ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီးတော့၊ အခြေခံပြီးအကောင်အထည်ဖော် ဆောင်ရွက် ပေးလျက်ရှိပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးခွန်းမှာပါဝင်တဲ့ ချောင်း(၂၉)ချောင်းမှာ ပင်လယ်ဒီရေ ပုံမှန် အတက်အကျဖြင့် ဝင်ရောက်လျက်ရှိတဲ့အတွက်ကြောင့် အဆိုပါချောင်းများအား မြေသားတမံဖြင့် ပိတ်ဆို့ခြင်းဆောင်ရွက်ပါက နွေရာသီတွင် ထိခိုက်ပျက်စီးမှု မရှိနိုင်သော်လည်း မိုးရေချိန်များပြားစွာ ရွာသွန်းသော ဒေသဖြစ်သည့်အလျောက် မိုးရာသီတွင် ချောင်းအထက်ပိုင်းမှ စီးဝင်ရေများကြောင့် လည်းကောင်း၊ ပင်လယ်ဒီရေလှိုင်း ရိုက်ခတ်မှုကြောင့်လည်းကောင်း ပြန်လည်ကျိုးပေါက်သွားမည် သာဖြစ်ပြီး ထိန်းသိမ်းစောင့်ရှောက်ရန်လည်း ခက်ခဲမည်ဖြစ်သည့်အတွက် မြေသားတမံပိတ်ခြင်း လုပ်ငန်းအား ဆောင်ရွက်ရန်မသင့်လျော်ပါ။ လုပ်ငန်းသဘောသဘာဝအရ ချောင်းများပေါ်မှာ အခိုင်အမာ ရေထိန်းတံခါးများ တည်ဆောက်ပြီးတော့ ရေငန်တားတာများပတ်၍ တည်ဆောက်ကာကွယ်ရမည် ဖြစ်ပါတယ်။ ဒီလုပ်ငန်းများကို လယ်ယာမြေများ ရေငန်ဝင်ရောက်မှု မရှိစေရန်အတွက် အဓိက ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်သော်လည်း၊ အချို့ချောင်းများတွင် ရေငန်သွင်း၍ ရေငန်ငါး၊ ပုစွန် မွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်းသိရှိရသဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အခြားရေငန် တား တာများတွင်ကဲ့သို့ လယ်သမားများနှင့် ငါး၊ ပုစွန် မွေးမြူသူများအကြားမှာ မပြေလည်မှုများ ရှိနိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပေါက်တောမြို့နယ်အတွင်းရှိ ချောင်း(၂၉)ခုအား ရေငန်ဝင်ရောက်ပြီး လယ်ယာမြေများ ထိခိုက်ပျက်စီးမှုမှ ကာကွယ်နိုင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သော ရေငန်တားတာနှင့် ရေတံခါးများတည်ဆောက်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ဇလဗေဒနှင့်ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်း၊ မြေပြင်တိုင်းတာခြင်း စသည့်လုပ်ငန်းများအား စူးစမ်းလေ့လာသွားရမည်ဖြစ်ပြီး လုပ်ငန်းပမာဏမှာ ကြီးမားသည့်အတွက် အချိန်ယူဆောင်ရွက်သွားရမည် ဖြစ်ပါတယ်။

ဆက်လက်၍ စူးစမ်းလေ့လာမှုများမှ ရရှိလာတဲ့အခြေအနေများအရ ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ လေ့လာဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝ ထိခိုက်နိုင်မှုရှိ/မရှိ (EIA/SIA) လေ့လာဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးနောက် လုပ်ငန်းဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်းရှိပြီးတော့ အမှန်တကယ် အကျိုးဖြစ်ထွန်းမှုရှိသော လုပ်ငန်းဖြစ်ပါက ခန့်မှန်းကုန်ကျငွေ တွက်ချက်ပြီးတော့ ရခိုင်ပြည်နယ်အစိုးရမှ ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်အခြေခံပြီး လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရ၏ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုရင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပခုက္ကူ-ဆိပ်ဖြူ ကားလမ်းမကြီးပေါ်မှာရှိတဲ့ မိုင်တိုင်အမှတ် (၃၁)မှာရှိတဲ့ မြစ်ခြေ-စဘေ-မိချောင်းတွင်း-ဂဝံလေးတိုင်-စညောင်း-ဒွဲပြားကျေးရွာချင်းဆက်လမ်းဟာ (၂၉)မိုင်ရှိပြီးတော့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဦးစီးရန်ပုံငွေနဲ့ မြေသားလမ်း (၁၁)မိုင်ကျောက်ချောလမ်းစသည်ဖြင့်၊ အဆိုပါလမ်းပေါ်ရှိ ဆိပ်ဖြူမြို့နယ်၊ ယောချောင်းမှာ နွေရာသီတွင်အကျယ်ပေ(၁၀၀)ခန့်ရှိသော်လည်း မိုးရာသီတွင် ပေ(၃၀၀၀)ခန့်ကျယ်ဝန်းတဲ့ ချောင်းလုံးပြည့် ရေစီးသည့် ချောင်းဖြစ်ပါသဖြင့် အရှည်(၃၂၀၀)ပေရှိ ချောင်းကူးသံကူကွန်ကရစ်တံတား ဆောက်လုပ်ရန်လိုအပ်ပြီးတော့ ငွေကျပ်သန်းပေါင်း(၅၀၀၀)ခန့် ကုန်ကျမှာဖြစ်ပါတယ်။ အဆိုပါတံတား တည်ဆောက်ပါကကျေးရွာ(၅)ရွာ၊ အိမ်ခြေ(၁၄၈၄)၊ လူဦးရေ(၇၁၂၉)ဦးတို့အား အကျိုးပြုမှာ ဖြစ်ပါတယ်။

မိုင်တိုင်(၃၃)မှ အရှေ့ကမ်းဖြူကျေးရွာအထိ ဆက်သွယ်ထားသည့်လမ်းသည် အရှည်(၈)မိုင် (၂)ဖာလုံရှိပြီး ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဦးစီးရန်ပုံငွေဖြင့် မြေသားလမ်း(၅)မိုင်၊ ကျောက်ချောလမ်း(၄)မိုင် ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်မှာရှိတဲ့ အရှေ့ကမ်းဖြူကျေးရွာနှင့် အနောက်ကမ်းဖြူ ကျေးရွာကြားမှာရှိတဲ့ ယောချောင်းသည် နွေရာသီတွင်အကျယ်ပေ(၁၀၀)ခန့်သာ ရှိသော်လည်း မိုးရာသီတွင်ပေ(၃၀၀၀)ခန့် ကျယ်ဝန်းသောချောင်းလုံးပြည့်ရေစီးသည့်ချောင်းဖြစ်သဖြင့် အရှည်(၃၂၀၀)ပေရှိ ချောင်းကူးသံကူကွန်ကရစ်တံတား တည်ဆောက်ရန်လိုအပ်ပြီး ငွေကျပ်သန်းပေါင်း(၅၀၀၀)ခန့် ကုန်ကျမည်ဖြစ်ပါတယ်။ အဆိုပါတံတားတည်ဆောက်ပါက ကျေးရွာ(၆)ရွာ၊ အိမ်ခြေ(၁၀၉၃)၊ လူဦးရေ(၄၆၈၅)ဦးတို့အား အကျိုးပြုမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီတံတားနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖြေကြားရမယ်ဆိုလို့ရှိရင်တော့၊ ဒီတံတားက ကျွန်တော်တို့ ကျေးလက်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နိုင်သည့်အမျိုးအစား မဟုတ်ပါသဖြင့် လမ်းတံတားဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ တင်ပြဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြား အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ပြည်ထောင်စုဝန်ကြီးဖြေကြားသွားတဲ့ အချက်နဲ့ပတ်သက်ပြီးတော့ မရှင်းလင်း တာတွေ ထပ်ဆင့်မေးခွန်း မေးခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ စောစောတုန်းက ဖြေကြားသွားတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်မှာပထမချမှတ်ပေးထားတဲ့ မျိုးကျော်လင်း ကုမ္ပဏီကို ချမှတ်ပေးထားတဲ့ ကွင်းနံပါတ်(၉၆၇)၊ (၉၆၂/ခ)၊ (၉၆၃/ခ) တို့မှာပါတဲ့ ဧက(၃၀၀၀)ရှိတယ် ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ဒီဘက်ကနေအထောက်အထားတွေနဲ့ ၉၅၀၊ ၉၅၁၊ ၉၅၂ ကွင်းတွေပါ ပါတယ်ဆိုတဲ့အနေအထားက ဘယ်လိုအကြောင်းကြောင့် ဒီဟာတွေပါနေပါသလဲ၊ ကွဲပြားခြားနားချက် ရှိနေတာကို တစ်ပေါင်းတည်း ဘာဖြစ်လို့ပါနေရသလဲဆိုတာ ကျွန်တော် သိချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လူကြီးမင်း မေးတဲ့မေးခွန်းက အလွန်ကို အဆက်အစပ်ရှိပါတယ်။ မေးတဲ့မေးခွန်းကို ဖြေကြားထားတဲ့ ကျွန်တော်တို့ ဌာနအပါအဝင် ဒီ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်ရဲ့ နဂိုအတိုင်း အတာအရ ကျွန်တော် ခုနပြောတဲ့ ဧရိယာနဲ့ပတ်သက်ပြီးတော့ မရှင်းမလင်းဖြစ်နေတာကို အထဲထဲမှာ ခုန ဦးပိုင်တွေ အရင်တုန်းက ဖော်ပြထားတဲ့ဦးပိုင်နံပါတ် မဟုတ်ဘဲနဲ့ မပါသေးတဲ့ဦးပိုင်ထဲမှာ လာပြီးတော့ ကျွန်တော်တို့ သူတို့ဖော်ပြထားတဲ့ ဒီ မရှင်းမလင်းလုပ် တင်ပြထားတဲ့အချက်ကို ပြန်လည် ရှင်းလင်းပြီးတော့ ရှင်းရှင်းလင်းလင်း သိနိုင်အောင် ကျွန်တော် ဒီဟာနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ဧရာဝတီတိုင်းဒေသကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆက်သွယ်ပြီးတော့ ဒါကို ပြန်လည်ပြီးတော့ နောက်သော်လည်းကောင်း၊ ဌာနဆိုင်ရာ ကျွန်တော် မြေယာစာရင်းအင်းနဲ့ဌာန ဒါနဲ့ ဆက်သွယ်ပြီးတော့လည်းကောင်း ကျွန်တော် ဆက်လက်ပြီးတော့ ဒါကို ရှင်းလင်းဖြေကြားသွားမည် ဖြစ်ကြောင်း ဒီအစည်းအဝေးမှာတော့ ရှင်းလင်းဖြေကြားနိုင်ခြင်းမရှိသော်လည်း ဒီဥစ္စာက အလွန်ကို ကွဲပြားခြားနားစွာ သိသင့်တဲ့အချက်ဖြစ်တဲ့အတွက် မေးခွန်းကို တိုက်ရိုက် ဒီထဲမှာ ရှင်းလင်းပြောကြား ထားခြင်းမရှိတဲ့အတွက် လောလောဆယ်မှာ ကျွန်တော့်အနေဖြင့် ဒါကို ကွဲပြားစွာရှင်းလင်းနိုင်ခြင်း မရှိပါဘူး။ ဒါကို ရှင်းလင်းနိုင်ခြင်းရှိအောင် သက်ဆိုင်ရာတိုင်းဒေသကြီးကိုယ်စားလှယ်၊ တိုင်းဒေသကြီး ဝန်ကြီးနဲ့ ဌာနဆိုင်ရာကို ကျွန်တော် ထပ်ဆင့်ပြီးတော့ မေးမြန်းပြီးတော့ ဒါကို အတိအကျ ပြန်လည် ရှင်းလင်းပေးသွားမည်ဖြစ်ကြောင်း ကျွန်တော် ကတိပြုအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။မေးမြန်းခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခု ဒုတိယဝန်ကြီးဖြေသွားတဲ့ ဒီ လူဦးရေ ဒီလောက်နည်းနည်းပေါ့ နော်။ အကျိုးပြုမယ်ဆိုတာမဟုတ်ပါဘူးခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ခြမ်းမှာ ရှိတဲ့ ဒေသခံပြည်သူအားလုံးနီးပါးဟာ ဒီတံတားကို မှီခိုနေရတာပါ။ ဒီတံတားကလည်း ဆောက်လုပ်ရေး ဝန်ကြီးဌာနပိုင် တံတားကနေပြီးတော့ ကျွန်တော်တို့ ကျိုးပဲ့ခဲ့တဲ့တံတားဖြစ်ပါတယ်။ တကယ်လို့ ဒီတံတားကို ဒီမေးခွန်းကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် ကျွန်တော်တို့ဒေသရဲ့ လွှတ်တော် ကိုယ်စားလှယ်

တိုင်းကလည်း ဒီမေးခွန်းကို လွှတ်တော်အဆက်ဆက်မှာ မေးမြန်းခဲ့ကြပါတယ်။ ဒါပေမယ့်လည်း ဒီမေးရတဲ့အကြောင်းအရင်းက ကျွန်တော်တို့ ပြည်သူတွေ အမှန်တကယ်လိုအပ်နေလို့ မေးမြန်းခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ တည်ဆောက်ပေးနိုင်ခြင်းမရှိဘူးဆိုရင်လည်း တခြားဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိကို ကျွန်တော် ဆက်စပ်မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ သက်ဆိုင်တဲ့ လုပ်ပိုင်ခွင့်နှင့်အတိုင်းအတာအတွင်း ကျွန်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအတွင်းမှာ တတ်နိုင်တဲ့အတိုင်းအတာအတွင်းမှာမရှိတဲ့ ဒီတံတား ဆောက်လုပ်ရေးအတွက် ကျွန်တော်တို့ဌာနအနေနဲ့ ဒါကို တာဝန်ယူဆောက်လုပ်နိုင်ခြင်းမရှိတယ် ဆိုတာကိုတော့ ဖြေရှင်းထားပြီးဖြစ်တဲ့အတွက် ဒီတံတားရဲ့ပမာဏကိုက ကျွန်တော်တို့ ဒီကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ချပေးတဲ့အတိုင်းအတာထက် သန်းပေါင်း(၅၀၀၀)ဆိုတော့ တော်တော်ကြီးကျယ်တဲ့ ကုန်ကျစရိတ်ဖြစ်တဲ့အတွက် ခုနပြောတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ရည်ရွယ်ထားတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ပဲ ဆက်စပ်ပြီးတော့ ဆက်လက်ပြီးတော့ ဒါကို အကူအညီတောင်းခံပြီးတော့ ညှိနှိုင်းဆောင်ရွက်ဖို့ ဒီလောက်ပဲ ကျွန်တော်တို့ ပြောလို့ရမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တ ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၉ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၁ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၁။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းခြေဒေသများတွင် နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ရေကြီးရေလျှံမှုများနှင့် ခြောက်သွေ့ရာသီတွင် နိုင်ငံတစ်ဝန်းသောက်သုံးရေ ရှားပါးပြတ်လပ်မှုများအတွက် ခြုံငုံလေ့လာ သုံးသပ်၍ စီမံကိန်းတစ်ရပ်ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်နှင့် ပြည်သူလူထုကို အကျိုးပြုခဲ့သောတိမ်ကောမြစ်ချောင်းများအား ပြန်လည်တူးဖော်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး က ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းခြေဒေသများတွင် နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ရေကြီး ရေလျှံမှုများနှင့် ခြောက်သွေ့ရာသီတွင် နိုင်ငံတစ်ဝန်း သောက်သုံးရေရှားပါးပြတ်လပ်မှုအတွက် ခြုံငုံ လေ့လာသုံးသပ်၍ စီမံကိန်းတစ်ရပ်ချမှတ်ပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် နှင့် ပြည်သူလူထုကို အကျိုးပြုခဲ့သော တိမ်ကောမြစ်ချောင်းများအား ပြန်လည် တူးဖော်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးကျော်ထွေး အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တင်ပြရမယ့်အဆိုကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ် ပါတယ်ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျွန်တော် တင်သွင်းမယ့်အဆိုကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းခြေဒေသများတွင် နှစ်စဉ် ဖြစ်ပွားလျက်ရှိသည့် ရေကြီးရေလျှံမှုများနှင့် ခြောက်သွေ့ရာသီတွင် နိုင်ငံတစ်ဝန်းလုံး သောက်သုံးရေ ရှားပါးပြတ်လပ်မှုများအတွက် ခြုံငုံလေ့လာသုံးသပ်၍ စီမံကိန်းတစ်ရပ်ချမှတ်ပြီး စနစ်တကျအကောင် အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ပြည်သူလူထုကို အကျိုးပြုခဲ့သော တိမ်ကောမြစ်ချောင်းများ အား ပြန်လည်တူးဖော်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးများခင်ဗျား။ ကျွန်တော် ဒီကနေ့ တင်ပြမယ့်အဆိုကတော့ ဖော်ပြထားသလို မြစ်ဝကျွန်းပေါ်နှင့်ကမ်းခြေဒေသများသာမကဘဲ ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းစတဲ့ မြစ်များနဲ့ ကမ်းနီးမြို့ပြကျေးရွာများမှာလည်း မိုးရာသီဆိုရင် ရေလွှမ်းတဲ့ဒဏ်ကို ယနေ့တိုင်ခံစားနေရတာ မျက်မြင်ပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း သူတို့ရဲ့ နှစ်များစွာ လေ့လာ

စူးစမ်းမှုတွေအရ သိရှိထားပြီးလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကျေးလက်နဲ့ ဆန်စပါးကို အခြေပြုရတာဖြစ်လို့ အလားတူ လိုအပ်ချက်တွေကို ဒီလွှတ်တော်ထဲမှာပဲ မကြာမကြာ မေးမြန်းဆွေးနွေးခဲ့ဖူးကြတာလည်း အားလုံးအတွေ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စပါးကျီလို့ဆိုရမယ့် မြစ်ဝကျွန်းပေါ်ဒေသများ၊ တိတိကျကျ ပြောရရင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ မြေနုကျွန်း လယ်ယာမြေတွေမှာ မြစ်ချောင်းများ တိမ်ကောလာမှုကြောင့် နှစ်စဉ်စိုက်ပျိုးရာသီမှာ မိုးရေနှင့်ပင်လယ်ဒီရေတို့ ပေါင်းစုံဖုံးလွှမ်းနေတဲ့အတွက် စိုက်ပျိုးမြေဧကများစွာ ဖုံးလွှမ်းပျက်စီးကြရပြီး ဆန်စပါးအထွက်နှုန်း ကျဆင်းမှုပြဿနာနှင့် ရင်ဆိုင်နေကြရပါတယ်။ ဒီရေဖုံးလွှမ်းတဲ့ပြဿနာကို ဒေသခံတောင်သူလယ်သမားတွေမှာ နည်းမျိုးစုံနဲ့ ကိုယ်ထူကိုယ်ထ ဖြေရှင်းကြရပါတယ်။ အထက်ကစီးလာတဲ့ရေကို မြောင်းတူးလို့တစ်မျိုး၊ တမံတုတ်လို့ တစ်ဖုံ၊ ရေလွှဲလို့တစ်ခါ၊ နည်းတစ်မျိုးမျိုးနဲ့ ဖြေရှင်းနေရသလို ရေငန်ဝင်နိုင်မှုကိုလည်း ယာယီတမံတွေနှင့်တားကြ၊ မိုးကုန်တော့မှပြန်ဖွင့်ရနှင့် ငွေကုန်ကြေးကျခံ ကာကွယ်ကြရသလို တစ်ဖက်မှာလည်း အထွက်နှုန်းနည်းပေမယ့် ရေနစ်တာခံနိုင်တဲ့ စပါးမျိုးတွေကို ရွေးချယ်စိုက်ပျိုးနေရတာကြောင့် ရေလွှမ်းချိန်ကြာသွားလို့ အကြိမ်ကြိမ်ပြန်စိုက်ရနဲ့ ရလာတဲ့ ဆန်စပါးကလည်း ပြည်သူတွေအတွက်သာ စားစရာဖြစ်ကောင်းဖြစ်ပေမယ့် စိုက်တဲ့လယ်သမားတွေအတွက်တော့ အရှုံးရလဒ်တွေနဲ့သာ ရင်ဆိုင်နေရပြီး လုံးပါး ပါးနေကြရပါတယ်။ ဆည်မြောင်းဦးစီးဌာန၊ ဒီကနေ့ အမြင်အားဖြင့်တော့ ဆည်မြောင်းနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုဌာနအနေနဲ့ နှစ်စဉ်ရန်ပုံငွေရရှိမှု၊ ကျေးရွာအလိုက် တင်ပြလာမှုများအပေါ်အခြေခံပြီး ရေတံခါးများနှင့် ရေနုတ်မြောင်းများကို တည်ဆောက် ပေးလျက်ရှိတာလည်း တွေ့ရပါတယ်။

ဒါပေမဲ့ လက်တွေ့မှာ ဆန်စဉ်ရာကျည်ပွေ့ လိုက်သလိုဖြစ်ပြီး ရေလျှံမှုတွေက တစ်နေရာကနေ၊ တစ်နေရာသို့ ကူးပြောင်းခံစားရသကဲ့သို့ ဖြစ်နေခဲ့ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်တွေဖြစ်တဲ့ ကော့မှူး၊ ကွမ်းခြံကုန်းမှာဆိုရင် ဥပမာအားဖြင့် ၂၀၁၄-၂၀၁၅ ကာလမှာ တိမ်ကောနေခဲ့တဲ့ သခွတ်မြစ်ကို ထွက်ဖို့ ရေနုတ်မြောင်း တည်ဆောက်ပေးခဲ့တဲ့အတွက် ကော့မှူးမြို့နယ်မှာ ရေလျှံမှုကျဆင်းခဲ့ပေမယ့် ကွမ်းခြံကုန်းမြို့နယ်က စိုက်ခင်းအချို့ကတော့ ပိုမိုခံစားရသကဲ့သို့ ဖြစ်ခဲ့ရပါတယ်။ အဲဒီ သခွတ်မြစ်ကြီးဟာ လွန်ခဲ့တဲ့ နှစ်(၄၀)၊ (၅၀) လောက်ကတော့ ရန်ကုန်တောင်ဘက် ဒလဝါးဘလောက်သောက်ကနေပြီးတော့ တိုးမြစ်နဲ့ ရန်ကုန်မြစ် ပေါင်းစုံရာပင်လယ်ဝအထိစီးဆင်းခဲ့ပြီး ဆန်စပါးသယ်ယူပို့ဆောင်ရေးအတွက် အရေးပါခဲ့တဲ့ လမ်းကြောင်းကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။ ပြုပြင်ထိန်းသိမ်းမှုအားနည်းတဲ့အတွက်ကြောင့်ကော၊ မြစ်ပေါ်မှီခိုခဲ့တဲ့ရေယာဉ်တွေဟာ တွံတေးတူးမြောင်းကို ပိုမိုသုံးလာခဲ့တာကြောင့်ကော၊ သဘာဝဘူမိဖြစ်စဉ်တွေကြောင့်ကော၊ တိမ်ကောလာခဲ့တာ အခုဆိုရင် ချောင်းငယ်လေးသာသာသာ ဖြစ်နေခဲ့ပါတယ်။ အခုတွေ့ရတဲ့အတိုင်းပါပဲ၊ ကောသွားတဲ့ ဒီမြေမှာ လယ်သမားတွေဟာ ထွန်ယက်စိုက်ပျိုးကြပေမယ့် ရေစီးရေလာ မကောင်းတော့တဲ့အတွက် နှစ်စဉ် ရေလွှမ်းမှုဒဏ်ကို ကော့မှူးနဲ့ ကွမ်းခြံကုန်းက ပြည်သူတွေခံစားနေကြရပါတယ်။ ဒါက သခွတ်မြစ်ရဲ့ ဒီကနေ့ အခြေအနေပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကြောင့် ဒေသနယ်မြေကြီးတစ်ခုစီရဲ့ မြေမျက်နှာသွင်ပြင်၊ မြစ်ချောင်းများအနေအထားနဲ့ ဒီရေဝင်ရောက်မှုအနေအထားတို့ကို ခြုံငုံသုံးသပ်လေ့လာနိုင်တဲ့ စီမံကိန်းတစ်ရပ်နှင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ပေးနိုင်ပါက ဒေသတစ်ခုချင်းစီ၏လယ်မြေများအတွက် အကျိုးကျေးဇူးရရှိမည်ဖြစ်ပြီး တောင်သူလယ်သမားများဝင်ငွေတိုးကာ ပြည်ထောင်စု၏ စပါးထွက်မှု

တိုးတက်လာမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ရန်ကုန်နှင့် မိုင်(၂၀)လောက်သာဝေးတဲ့ ကွမ်းခြံကုန်းနယ်က ကော့ဒွန်းဒေသမှာ ပေ(၇၀၀၀)လောက်သာရှိတဲ့ မြောင်းကောင်းကောင်း တူးပေးလိုက်တာနဲ့ စိုက်ပျိုး မြေဧကပေါင်း (၁၅၀၀၀)လောက်ဟာ စောစောကတင်ပြခဲ့တဲ့ ရေလွှမ်းမှုဒဏ်က သက်သာလွန်ကဲပြီး အထွက်ကောင်းတဲ့ လယ်ယာမြေတွေဖြစ်လာမှာ သေချာပါတယ်။ ဒီလိုနယ်မြေငယ်လေးတစ်ခု သာမကဘဲ ရန်ကုန်မြစ်၊ လှိုင်မြစ်၊ တိုးမြစ်နဲ့ တွံတေးတူးမြောင်းတို့ကြားမှာ ကျွန်းကြီးလိုဖြစ်နေတဲ့ တွံတေး၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တို စတဲ့ နယ်မြေတွေအပေါ်မှာ မြန်မာ-ဂျပန် ပူးပေါင်း သုတေသနအဖြစ် လေ့လာခဲ့ပြီးတော့ ၃၃ လို့ခေါ်ပြီးတော့ စပါးသုံးစီမံကိန်းဆိုပြီးတော့ လွန်ခဲ့တဲ့ နှစ်(၃၀)လောက်က ရေးဆွဲခဲ့ဖူးပါတယ်။ နောက်တော့ အကြောင်းကြောင်းကြောင့် အကောင်အထည် မဖော်နိုင်ဘဲ ဖြစ်ခဲ့တယ်လို့ ကြားသိရဖူးပါတယ်။ သက်ဆိုင်ရာဌာနများအနေနဲ့ ဒီလိုစီမံကိန်းဟောင်း တွေကို ပြန်လေ့လာပြီး သင့်တော်သလိုပြင်ဆင်ကာ အကောင်အထည်ဖော်ပေးနိုင်မယ်ဆိုရင် အကျိုးရှိ မယ်လို့ မျှော်လင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု တင်ပြခဲ့တာတွေကတော့ ကျွန်တော့် မဲဆန္ဒနယ်တွေထဲမှာ ခံစား ထိတွေ့ နေရတဲ့အပေါ်အခြေခံပြီးတော့ တင်ပြခြင်းဖြစ်ပါတယ်။ နယ်မြေရဲ့ အနောက်ဘက် ဧရာဝတီတိုင်း ဒေသကြီး၊ မအူပင်၊ ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ပုသိမ်၊ မြောင်းမြ စတဲ့ ဒေသတွေအပြင်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း ကစ္စပနဒီမြစ်ဝကျွန်းပေါ်အပြင်၊ သံလွင်မြစ်ဝဒေသတွေ မှာလည်း အလားတူအဖြစ်မျိုးတွေရှိကြောင်း သိရှိထားတဲ့အတွက် ဒေသကြီးတစ်ခုချင်းအပေါ် ခြုံငုံ သုံးသပ် သုတေသနပြုလို့ ရေရှည်တည်တံ့နိုင်မယ့် ရေနုတ်မြောင်း၊ ရေတံခါးစီမံချက်တွေ ချမှတ် အကောင်အထည် ဖော်ပေးနိုင်ဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။

ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျေးလက်နေ မြန်မာနိုင်ငံ သူ၊ နိုင်ငံသားတွေအဖို့ ကျွန်တော်တင်ပြခဲ့သလို မိုးတွင်းမှာ ရေကြီးလို့ စပါးပျက်၊ ထမင်းငတ်ဖြစ်ကြရ တာတွေမကဘဲ၊ တစ်ဖက်မှာလည်း ခြောက်သွေ့ရာသီတိုင်းမှာ နိုင်ငံနှင့်တစ်ဝန်း သောက်သုံးရေ ရှားပါး ပြတ်လပ်မှုဒုက္ခကို ခါးစည်းခံစားနေကြရပြန်ပါတယ်။ နှစ်စဥ်လိုလို ခြောက်သွေ့ရာသီရောက်တိုင်း သောက်သုံးရေအတွက် ကိုယ့်မြို့၊ ကိုယ်နယ်၊ ကိုယ့်ရွာအလိုက် မိုးရေကန်များကို ကိုယ်ထူကိုယ်ထ တူးဖော်ဖြေရှင်းနေကြရပါတယ်။

လူတိုင်းနားလည်သိရှိနေတဲ့ အညာဒေသ မိုးခေါင်ရေရှား ရပ်ဝန်းတွေတွင်မကဘဲ ရန်ကုန်ရဲ့ တစ်ဖက်ကမ်း ကျွန်တော့်မဲဆန္ဒနယ်မြေထဲကဖြစ်တဲ့ ဒလ၊ ဆိပ်ကြီးခနောင်တိုလို မြို့နယ်တွေမှာတောင် နှစ်တိုင်းလိုလို သောက်သုံးရေ ပြတ်လပ်လေ့ရှိတာဟာ အခုဆိုရင် အစဥ်အလာတစ်ခုလိုတောင် ဖြစ်နေပါပြီ။ အကျိုးဆက်အနေနဲ့ကတော့ နှစ်စဥ် အဲဒီအချိန်ရောက်တိုင်း မြို့ခံ၊ နယ်ခံ လူထုအနေနဲ့ တစ်ရပ်တစ်ကျေးက သောက်သုံးရေ လာရောက်လှူဒါန်းသူတွေအပေါ်မှာ မျှော်လင့် မှီခိုနေရတာကို ဝမ်းနည်းစရာ တွေ့နေရပါတယ်။ ထင်ရှားတဲ့သာဓကအနေနဲ့ကတော့ ပြီးခဲ့တဲ့ အယ်နီညို ကာလမှာ အစိုးရ ဌာနတွေ၊ အုပ်ချုပ်ရေးအဖွဲ့တွေဟာ ပြည်သူ့ကိုယ်စားလှယ်တွေ၊ CSO တွေ၊ စေတနာရှင် ကုသိုလ်ရှင် တွေနဲ့အတူ သတိဝီရိယအပြည့်နဲ့ ပြင်ဆင်ကူညီနိုင်ခဲ့ကြလို့သာ၊ ပူးပေါင်းဆောင်ရွက်နိုင်လို့သာ နိုင်ငံနဲ့ အဝန်း သောက်သုံးရေရှားပါးပြတ်လပ်မှု ဘေးဒုက္ခတွေကို ဆိုးရွားစွာရင်ဆိုင်ရမယ့်ဘေးက ကျော်လွှား နိုင်ခဲ့တယ်ဆိုတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်စဉ်ဖြစ်နေတဲ့ ရေရှားပါးမှုသဘာဝဘေးကို ကျွန်တော်တို့ နှစ်တိုင်း ဒီလိုဖြေရှင်းနေလို့ မဖြစ်တော့ပါဘူး။ နိုင်ငံတော်အစိုးရအနေနဲ့ ကြိုတင်ပြင်ဆင်စီမံခန့်ခွဲဖို့က ယခုအချိန်ဟာ အချိန်ကောင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ကို ရွေးကောက်တင်မြှောက်ခဲ့တဲ့ ပြည်သူတွေဟာ ဘေးဖြစ်လာမှ ကယ်ဆယ်ကူညီပေးခဲ့တဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ကြမှာဖြစ်ပေမယ့်လည်း ဘေးမဖြစ်အောင် ကြိုတင်ပြင်ဆင်ပေးတဲ့အစိုးရမျိုးကို ပိုပြီးမျှော်လင့်နေကြမှာ အသေအချာပဲဖြစ်ပါတယ်။ ဒီဒေသတွေအတွက် ရေရရှိနိုင်မယ့်နည်းလမ်းကောင်းတွေ၊ ရေကန်တွေ၊ တောင်ကျရေသယ်ယူမှုစနစ်တွေ၊ မြေအောက် ရေရရှိမှုတွေကို စနစ်တကျ တိုင်းတာရှာဖွေ ဖော်ထုတ်မှုတွေ လုပ်ပေးနိုင်မယ်ဆိုရင် အခုအချိန်က စခဲ့ရင် အချိန်ကိုအများကြီးရတာ တွေ့ရပါတယ်။

မြေအောက်ရေနဲ့ပတ်သက်လို့ လွန်ခဲ့တဲ့ နှစ်(၃၀)ကျော်လောက်က လမ်းစဉ်ပါတီအစိုးရခေတ်မှာတောင် သုတေသန လေ့လာတိုင်းတာမှုတွေရှိခဲ့တာဖြစ်ပြီး ဒီနောက်ပိုင်းမှာတော့ လိုမှသွားတိုင်း၊ သွားတူးတဲ့ လက်သင့်ရာလုပ်တဲ့ ဆေးမြီးတိုနဲ့ကုသလို အခြေအနေမျိုးတွေ ဖြစ်ခဲ့ရပါတယ်။ အခုတော့ ဒီလိုပုံစံမျိုးတွေဖျောက်ပြီး သုတေသနဦးစားပေးပြီးတော့ သုတေသနရလဒ်အပေါ်မှာ အခြေခံတဲ့ ဖြစ်တန်ချိန်လေ့လာမှု (Feasibility Study) တွေနဲ့ လုပ်ရမယ့်ခေတ်ကို ရောက်နေပါပြီ။ လောလောဆယ်မှာကိုပဲ လာမယ့် တပေါင်းလ၊ မတ်လမှာ ဖြစ်နိုင်တဲ့ ရေရှားကာလမတိုင်ခင် လေ့လာပြင်ဆင်ဖို့အချိန် လုံလုံလောက်လောက်ရတာမို့ အခုကတည်းက စလေ့လာ၊ တိုင်းတာ၊ တွက်ချက် ပြင်ဆင်ပေးနိုင်မယ်ဆိုရင် အင်မတန်မှ အကျိုးရှိမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေ အထူးသဖြင့် လယ်ယာလုပ်သားနင်းပြားကြီးတွေရဲ့ဘဝမှာ မိုးရွာရင်ရေလွှမ်းလို့ လယ်တွေပျက်မှာကြောက်ရ၊ အိုးအိမ်တွေ ပျက်စီးမှာကြောက်ရ၊ နေပူရင်ရေပြတ်လို့ သောက်စရာရေမရှိ၊ စိုက်စရာရေမရှိ၊ ဘာရာသီဥတုပဲလာလာ ကြောင့်ကြနေရတဲ့ဘဝတွေကနေ လွတ်မြောက်အောင် ကျွန်တော်တို့ အစိုးရဖြစ်တဲ့အချိန်မှာတော့ တတ်နိုင်သမျှလုပ်ပေး ကြိုးစားပေးကြဖို့ အချိန်အခါသင့်နေပါပြီ။ တစ်ချိန်တစ်ခါတုန်းကတော့ တစ်နေရာမှာ ရေလျှံရင် မြောင်းတစ်မြောင်းဖောက်ပေးတာမျိုး၊ ဆားငန်ရေဝင်ရင်ရေထိန်းတမံ၊ ရေတံခါးတစ်ခုတည်ဆောက်ပေးတာမျိုး၊ ရေရှားတဲ့နေရာတွေမှာ ရေကန်တစ်ကန်၊ ရေတွင်းတစ်တွင်း တူးပေးတာမျိုးကို ဒေသခံတွေရဲ့ တင်ပြချက်၊ အုပ်ချုပ်ရေးပိုင်းအဆင့်ဆင့်ရဲ့ အဆိုပြုချက်တွေနဲ့ အစိုးရအဆက်ဆက် ဝန်ကြီးဌာနများ၊ ဝန်ထမ်းပညာရှင်များက ကြိုးစားလုပ်ဆောင်ပေးခဲ့ကြတာကို လေးလေးစားစား မှတ်တမ်းတင်ပါတယ် ခင်ဗျား။

ဒါပေမယ့်လည်း နိုင်ငံကို အသစ်ပြန်လည်တည်ဆောက်နေပြီဖြစ်တဲ့ ဒီနေ့မှာတော့ ကျွန်တော်တို့ မျိုးဆက်သစ်တွေ၊ ခေတ်သစ်တွေအထိကို ရေရှည်တည်တံ့နိုင်မယ့် အမှန်တကယ် အကျိုးရှိတဲ့ စီမံကိန်းတွေကို ပြည်တွင်းပညာရှင်တွေ၊ ပြည်ပ ပညာရှင်တွေအားကိုးနဲ့ လေ့လာစူးစမ်းပြီး၊ ပြင်ဆင်ဆောင်ရွက်ကြပြီး ရန်ပုံငွေအနေအထားနဲ့ ချင့်ချိန်လို့ တစ်ဆင့်ချင်း အကောင်အထည်ဖော်ကြရမယ့် ကာလကို ရောက်နေပြီလို့ ယုံကြည်မိပါတယ်ခင်ဗျား။ ဒီအတွက် အခုတင်ပြတဲ့ ပြဿနာတွေဖြစ်တဲ့ ရေကြီးရေလျှံမှုပြဿနာ၊ ရေရှားပါးမှုပြဿနာတွေနဲ့ သက်ဆိုင်တဲ့ဝန်ကြီးဌာနတွေမှာ အရည်အချင်းရှိတဲ့ ပညာရှင်တွေ၊ နိုင်ငံတကာက အဆက်အသွယ်တွေ ရှိပြီးသားလို့လည်း ကျွန်တော် နားလည်ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းခြေဒေသများမှာ နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ရေကြီးရေလျှံမှုများနှင့် ခြောက်သွေ့ရာသီတွင် တစ်နိုင်ငံလုံး သောက်သုံးရေ ရှားပါးပြတ်လပ်မှုများအတွက် ခြုံငုံလေ့လာသုံးသပ်၍ စီမံကိန်းတစ်ရပ် ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်နှင့် ပြည်သူလူထုကို အကျိုးပြုခဲ့သော တိမ်ကောမြစ်ချောင်းများအား ပြန်လည်တူးဖော်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ညီဘာသံများ)

သခွပ်မြစ်ဟောင်းမြေပုံ (စ)




သခွပ်မြစ်၏မြင်ကွင်းတစ်နေရာပုံ (စ-၁)



နှစ်စဥ်ရေပြတ်လပ်မှု မြင်ကွင်းပုံ (စ-၂)



**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူ ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၄။**

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုးပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းခြေဒေသများတွင် နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ရေကြီးရေလျှံမှုများနှင့် ခြောက်သွေ့ရာသီတွင် နိုင်ငံတစ်ဝန်း သောက်သုံးရေ ရှားပါးပြတ်လပ်မှုများအတွက် ခြုံငုံလေ့လာသုံးသပ်၍ စီမံကိန်းတစ်ရပ်ချမှတ်ပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန်နှင့် ပြည်သူလူထုကိုအကျိုးပြုခဲ့သော တိမ်ကောမြစ်ချောင်းများအား ပြန်လည်တူးဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအားထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးကျော်ထွေး တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းခြေဒေသများတွင် နှစ်စဉ်ဖြစ်ပွား

လျက်ရှိသည့် ရေကြီးရေလျှံမှုများနှင့် ခြောက်သွေ့ရာသီတွင် နိုင်ငံတစ်ဝန်း သောက်သုံးရေ ရှားပါး ပြတ်လပ်မှုများအတွက် ခြုံငုံလေ့လာသုံးသပ်၍ စီမံကိန်းတစ်ရပ် ချမှတ်ပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်နှင့် ပြည်သူလူထုကို အကျိုးပြုခဲ့သော တိမ်ကောမြစ်ချောင်းများအား ပြန်လည် တူးဖော်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးကျော်ထွေး ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်းကြေညာပါတယ်။ (သြဘာသံများ)

ဦးကျော်ထွေး တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အဋ္ဌမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး သတ္တမနေ့ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁း၄၈ နာရီ အချိန်တွင် ရပ်နားပါသည်။]